ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 5 April 2024 ၁၁၄၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၅

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်**

စာမျက်နှာ » ၉

**မီတာဘေလ်ဆောင်ဖို့ ရုံးသို့သွားရန် မလို၊ စက်ဖတ်ချက်အား စစ်ရန်လည်း မလို၊ စာရွက်လည်း သိမ်းထားရန်မလိုသော နည်းဖြစ်၍ အလွန်အဆင်ပြေသော နည်းလမ်းဖြစ်သော်လည်း မီးသုံးစွဲသူပြည်သူများအနေဖြင့် ယနေ့အချိန်အထိ အသုံးပြုသူရာခိုင်နှုန်း နည်းပါးလွန်းနေပါသည်။ အဆိုပါ နည်းလမ်းမှာ Online မှ မီတာဘေလ်ဆောင်သော နည်းလမ်းဖြစ်**

ဆောင်းပါး စာမျက်နှာ » ၁၀




ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲနေသည့် အမှတ်(၇၁)အဆန် အမြန်ရထား ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ထွက်ခွာလာသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးမြင့်အောင်

# မြန်မာ့မီးရထား မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ဧပြီ ၁၃ ရက်နှင့် ၂၂ ရက်တို့တွင် အထူးရထားများကို ထပ်တိုး ပြေးဆွဲပေးသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ ဖြစ်သည့် ဧပြီ ၁၆ ရက်အထိ လူစီးအမြန်ရထားအချို့ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး ဌာန (United Nations Department of Safety and Security–UNDSS) ၏ အကြီးအကဲ Under–Secretary–General Mr. Gilles Michaud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂ ဝန်ထမ်းများ ခရီးသွားလာခွင့်နှင့်စပ်လျဉ်း သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး ဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်း ဌာနကြီး ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး ဌာန လုံခြုံရေးအကြံပေးအရာရှိ Mr. Marco Smoliner တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန (UN Department of Safety and Security– UNDSS) ၏ အကြီးအကဲ Under–Secretary–General Mr. Gilles Michaud ကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Under–Secretary–General Mr. Gilles Michaud က ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးနှင့် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏လုပ်ငန်းများ ဆောင်ရွက်ခွင့်တို့နှင့်ပတ်သက်၍ အဓိကဆွေးနွေးသည်။ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံအနေဖြင့် ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်း လုံခြုံမှုနှင့်ပတ်သက်၍ အလေးပေးဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရန် အတွက် သွားလာခွင့်နှင့်စပ်လျဉ်း၍ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည် ဆွေးနွေးသည်။ ထို့အပြင် နိုင်ငံဖြတ်ကျော်မှုခင်း ကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်း ရေးမှူး Mr. Marcoluigi Corsi နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လုံခြုံရေးအကြံပေး Mr. Marco Smoliner တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် China International Trust and Investment Corporation (CITIC) Group Myanmar Co.,Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် China International Trust and Investment Corporation (CITIC) Group Myanmar Co.,Ltd. မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့် ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံ ဆွေးနွေးရာတွင် ကျောက်ဖြူ အထူးစီးပွားရေး ဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် အခြေခံ အဆောက်အအုံများ ဖြစ်သည့် လမ်း၊ တံတား တည်ဆောက်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ စီမံကိန်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရုံသာမက ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်မည့် အခြေအနေများ နှင့် မြန်မာ – တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်၍ ဘုံအကျိုး စီးပွား တိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး နှင့်အတူ အမြဲတမ်းအတွင်းဝန်၊ လမ်းဦးစီး ဌာန၊ တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မေ ၄**

အမျိုးသားအဆင့် လျှပ်စစ် သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်း လာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Faw Toyota bZ3 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ နှင့် Chin Dwin Shan Constru–ction Co., Ltd. မှ တင်သွင်းလာ သော Faw Toyota bZ4X အမျိုး အစား လျှပ်စစ်သုံးမော်တော် ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်း သို့ ရောက်ရှိလာသဖြင့် ယနေ့ တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူ ခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၄**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် မဲရုံတစ်ရုံအတွင်း မဲပေးမည့်ပုံစံများအတိုင်း သရုပ်ပြခင်းကျင်း၍ တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းသရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးပြီး MEVM မဲပေးစက် အသုံးပြုဆောင်ရွက်ခြင်း၏ အားသာချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာပညာရှင်များ တီထွင်ထုတ်လုပ်ထားသော MEVM စက်၏အဆင့်မီ ဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန် ရှိသည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ မဲပေးစက်ဖြင့် လက်တွေ့ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ပနိုင်ငံများမှရရှိခဲ့သည့် အတွေ့အကြုံများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် ဧပြီ ၄**

ပြည်ပသို့ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးတက်ရောက်ခဲ့ကြသူများ၏ အတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် ပညာတော်သင် ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက ယခုကဲ့သို့ အတွေ့အကြုံနှင့် အသိပညာများ ပြန်လည်မျှဝေခြင်းဖြင့် ပါဝင်တက်ရောက်ခဲ့သူ ကိုယ်တိုင်သာမက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဗဟုသုတများပြန့်ပွားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ကြီးဌာန၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်း ဖြစ်စေကြောင်း၊ ပြည်ပနိုင်ငံများမှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် နည်းပညာအသစ်များအား မိမိတို့လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

အတွေ့အကြုံရှင်းလင်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ တိရစ္ဆာန်ခွာနာလျှာနာရောဂါဆိုင်ရာ ဓာတ်ခွဲခန်းများ အစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံ ပင်လယ်ရေကြောင်းဖိုရမ်နှင့် (၁၀)ကြိမ်မြောက် အာဆီယံ ရေကြောင်းတိုးချဲ့ဖိုရမ်၊ မလေးရှားနိုင်ငံ တိုင်ပင်မြို့၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင် အာရှတိရစ္ဆာန်ဥယျာဉ်များနှင့် ငါးပြတိုက်များ အစည်းအရုံး ညီလာခံ၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှဒေသတွင် တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်နိုင်ရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် နိုင်ငံအဆင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ စီမံကိန်း အပြီးသတ် အလုပ်ရုံဆွေးနွေးပွဲ ၊ Google Earth Engine ကို အသုံးပြု၍ သမုဒ္ဒရာအတွင်းရှိ အချက်အလက်များ ကောက်ယူရေးဆွဲခြင်းဆိုင်ရာ ဒေသတွင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတို့တွင် မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များနှင့် ပညာတော်သင်ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေးပွဲကောက်နုတ်ချက်များ၊ သုံးသပ်ချက်များနှင့် ရလဒ်များအား လယ်ယာသားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေး ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ **ရှေ့ဖုံးမှ**

လက်ရှိပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အမှတ်(၁၁)အဆန်၊ အမှတ်(၁၂) အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းအတွင်း အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်ရထားများကို ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို အောက်ပါ နေ့ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့် နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူးရထား | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ | ၁၁.၄.၂၀၂၄<br>၁၂.၄.၂၀၂၄<br>၁၃.၄.၂၀၂၄<br>၂၀.၄.၂၀၂၄<br>၂၁.၄.၂၀၂၄<br>၂၂.၄.၂၀၂၄ |
| ၂ | အစုန်အထူးရထား | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ | |
| ၃ | အဆန်အထူးရထား | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ | |
| ၄ | အစုန်အထူးရထား | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ | |
| ၅ | အဆန်အထူးရထား | ရန်ကုန် | မန္တလေး | ၁၀:၀၀ | ၀၃:၁၀ | ၁၂.၄.၂၀၂၄<br>၁၉.၄.၂၀၂၄<br>၂၁.၄.၂၀၂၄ |
| ၆ | အစုန်အထူးရထား | မန္တလေး | ရန်ကုန် | ၂၁:၃၀ | ၁၄:၄၀ | |

ရထားစီး ခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်အား(၃)ရက်၊ ရိုးရိုးတန်း လက်မှတ်အား(၁)ရက်ကြိုတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်မှ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ခရီးသည်ဌာနခွဲတွင် လျှောက်လွှာဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့မီးရထား**

# ဇေယျာသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနက ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် သရုပ်ပြပွဲကို ဧပြီ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ဟောပြောပွဲအခမ်းအနားတွင် ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်က အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသူက မီးဘေးအန္တရာယ် လုံခြုံကာကွယ်ရေး အသိပညာပေး ဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှု အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှု ဖြစ်စေသည့် အဓိက အကြောင်းရင်းများ၊ လျှပ်စစ်ဝါယာရှော့မဖြစ်အောင် ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကိုမပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောကာ လက်တွေ့မီးငြိမ်းသတ်ခြင်း လေ့ကျင့်မှုများအဖြစ် ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသ၍ လက်တွေ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မကြာမီအချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် –

- ညွှန်ကြားရေးမှူး (ထုတ်လုပ်)
  ပြန် / ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၉၇၃၄၁၂၃၇၁ /၀၉၄၂၁၀၄၆၇၁၅
- ညွှန်ကြားရေးမှူး (ပြန်/ဆက်)
  ပြန် / ဆက် ဦးစီးဌာန
  ဖုန်း ၀၉၇၃၄၁၂၀၆၄
- တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန် /ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

## နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၄

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်ကဏ္ဍနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီက နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အသိပညာဗဟုသုတများ တိုးပွားစေရေးတို့အတွက် လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ လှုပ်ရှားမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် ရေးဆွဲထားသော စီမံချက်မူကြမ်းတွင်ပါဝင်သည့် အချက်များဖြစ်သည့် လူငယ်စကားဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများနှင့် အားကစားသင်တန်းများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ မြန်မာနိုင်ငံပထဝီအချက်အလက်များဆိုင်ရာ အမေး/အဖြေပြိုင်ပွဲများ၊ ဒေသတွင်း လေ့လာရေးခရီးစဉ်များနှင့် စုပေါင်းလုပ်အားပေးအစီအစဉ်များ၊ အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် အထောက်အကူပြုမည့် သင်တန်းများ၊ သင်တန်းဖွင့်လှစ်မည့်ကာလနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ၊ အသက်အုပ်စုသတ်မှတ်ခြင်းများနှင့်ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် ပြောကြားသည်။

### လူငယ်ကဏ္ဍတိုးတက်စေရေးအလေးထား

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မီဒီယာပိုင်းသည် အရေးကြီးပြီး အဓိကအခန်းကဏ္ဍအဖြစ် လိုအပ်သည့်အတွက် သတင်းပြန်ကြားခြင်းသာမက လှုံ့ဆော်စည်းရုံးခြင်းများပါ ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှသာ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် လူငယ်ကဏ္ဍ တိုးတက်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းများတွင် ဖွင့်လှစ်သည့်ကာလ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ပေါ့ပါးပျော်ရွှင်စေရန် ဖျော်ဖြေရေးအစီအစဉ်များကို အနုပညာရှင်များနှင့် ပေါင်းစပ်ပြီး လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နွေရာသီ ကျောင်းပိတ်ရက်ကာလ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားချက်များအရ သင်တန်းကာလကို အနည်းငယ်ပြောင်းလဲ ပြင်ဆင်လိုက်ပါက ကျောင်းသားလူငယ်များ ကျောင်းတက်ရန် ပြင်ဆင်ချိန်များရပြီး သင်တန်းတွင်လည်း အပြည့်အဝ စိတ်ပါဝင်စားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကိုလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကျောင်းသားလူငယ်များနှင့် နွေးထွေးမှုရှိပြီး တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ IT နည်းပညာကို သိသာပေါ်လွင်ထင်ရှားစေရန် ဉာဏ်စမ်းပဟေဠိအစီအစဉ်များကို IT နည်းပညာနှင့် ပြုလုပ်နိုင်အောင် ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကြက်ခြေနီသင်တန်းများကို ကျောင်းများတွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အသက်အရွယ်အလိုက် နေထိုင်မှုပုံစံများကို လူငယ်များသိရှိစေရန် သင်တန်းများတွင် ထည့်သွင်းပို့ချစေလိုကြောင်း၊ ၎င်းသင်တန်းများတက်ရောက်ထားခြင်းဖြင့် လူရည်ချွန်စာမေးပွဲ ဖြေဆိုရာတွင် အထောက်အကူပြုနိုင်မည့်အချက်ဖြစ်သည်ကို လူငယ်များအား သိရှိထားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခြင်း အစီအစဉ်များ ထည့်သွင်းဆောင်ရွက်စေလိုကြောင်း၊ ထို့မှသာကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတများ ပိုမိုတိုးပွားလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ပြန်လည်ပြင်ဆင်၍ စီမံချက်ရေးဆွဲပြီး ပြန်လည်ပေးပို့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေထုတ်ပြန်

(ယမန်နေ့မှအဆက်)

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည်လူမှုဖူလုံရေးအဖွဲ့အားလုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)

### ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲ ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီ သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

### အခန်း(၃)

### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦး ရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ စာမျက်နှာ ၇ သို့ ❋

✻ စာမျက်နှာ ၆ မှ

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့ လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူး ဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော် ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များသည် ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံ ငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံ ရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြု ရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့ အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရ မည်။

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) နှင့် (၁၄) တို့ အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ် အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ် များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ် ရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့ အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင် သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ် များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာ ရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာ ရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင် သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်း များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြု ထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင် သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက် ၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထား သည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ် လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မ ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲ ခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ သော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင် သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက် စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင် သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြု ချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထား သည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေ များကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်း ကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်း မှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

စာမျက်နှာ ၈ သို့ ✻

❋ စာမျက်နှာ ၇ မှ

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ဆင်နွှဲရန် ယိမ်းလုပျိုဖြူများ ယိမ်းအကကြိုတင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သင်္ကြန်ယိမ်းအဖွဲ့က ၁၃၈၅ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမဏ္ဍပ်တို့တွင် သင်္ကြန်အကအလှများဖြင့် ပါဝင်ဖျော်ဖြေဆင်နွှဲရန် ယနေ့နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယိမ်းလုပျိုဖြူများ ယိမ်းအက ကြိုတင်လေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**မှာကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယိမ်းကကွက်များ ညီညာစေရန်၊ မျက်နှာအမူအရာ ပြုံးရွှင်စေရန်၊ ကိုယ်နေဟန်ထား ကြော့ရှင်းလှပမှုရှိစေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရန် စသည်ဖြင့် လိုအပ်သည်များ မှာကြားသည်။





ဝန်ကြီးဌာန အနေဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် "ချမ်းခိုက်ခိုက်တုန်" တေးသီချင်းဖြင့်လည်းကောင်း၊နေပြည်တော်လမ်းလျှောက်သင်္ကြန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မဏ္ဍပ်တွင် "ပျော်သလားဟေ့"နှင့် "ထာဝရသစ္စာ" စသည့် တေးသီချင်းများဖြင့်လည်းကောင်း ကပြဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၄**

၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဌာန တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်များ အားကစားလှုပ်ရှားမှုကို အခြေခံမှစ၍ စနစ်တကျနားလည်သင်ယူနိုင်ရေးအတွက် နွေရာသီအခြေခံအားကစားသင်တန်းများကို လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အားကစားနည်းများကို လေ့လာလိုက်စားလာစေရန်၊ အခြေခံကျကျနားလည်ပြီး လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ နိုင်ငံ့ကိုယ်စားပြုအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အထောက်အကူပြုစေရန်၊ လူငယ်များ ကျန်းမာကြံ့ခိုင်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ အားကစားသင်တန်းများကို တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအားလုံး အားကစားနည်းအလိုက် အခြေခံကောင်းများကို ကြိုးစားလေ့ကျင့်ကြရန်နှင့် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများဖြစ်လာအောင် ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် စွမ်းစွမ်းတမံ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အားကစားအဓိဋ္ဌာန်များကို ရွတ်ဆိုကြပြီး အားကစားသရုပ်ပြအဖွဲ့များက သက်ဆိုင်ရာအားကစားနည်းများအလိုက် သရုပ်ပြဖျော်ဖြေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အားကစားသရုပ်ပြအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် မြို့နယ်ရှစ် မြို့နယ်အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သရုပ်ပြအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၀၈)တွင် ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ဈေးကွက်မိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စိုက်ပျိုးနည်းစနစ်များ၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ Good Brother ကုမ္ပဏီနှင့် New Life Plastic( NLP) Co.,Ltdတို့မှ တာဝန်ရှိသူများက ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို မိတ်ဆက်ရှင်းလင်းပြောကြားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ မျိုးစေ့များနှင့် သဘာဝမြေဩဇာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် စာမေးပွဲကြီးကြပ် ဆရာတော်များအား ဗုဒ္ဓသာသနာပြုဇိမာန်တော်ကြီးတွင် နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းစရိတ်အလှူငွေများကို ဆက်ကပ်လှူဒါန်းကာ အောင်ဆန်းခန်းမ၌ ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုနေကြသည့် သံဃာတော်များနှင့် သီလရှင်များအား ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ ဦးသန်းထိုက်၏ နေခြည်ဝင်းဝါးစက်ရုံသို့ ရောက်ရှိပြီး ဒေသမှ ထွက်ရှိသည့်ဝါးများကို ကြိတ်ခွဲနေမှု၊ ဝါးစေ့ထုတ်နေမှု၊ ဆန်စက်နှင့် ဆီစက်များကိုလည်းကောင်း၊ အေးချမ်းသာစံပြကျေးရွာတွင် စက်ရက်ကန်းအလုပ်ရုံတွင် ရက်ကန်းစင် လေးစင်၊ ရက်စက်ခုံ တစ်ခုံဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၊ သံဝေဇနိယလေးဌာန(ဖွား ပွင့် ဟော စံ) ဂေါပကအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဂေါပကအဖွဲ့ဝင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ရှေ့မျက်နှာစာတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးအခမ်းအနားကို မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေး၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းဝင် ၁၀၆ သင်းမှ အသင်းဝင်ကိုယ်စားလှယ် ၉၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးပထမပိုင်းတွင် ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)ဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှာစကားပြောကြားသည်။

**ဖတ်ကြား**

ထို့နောက် အစည်းအဝေးတွင် အသင်း၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုအစီရင်ခံစာများကို ဒါရိုက်တာအဖွဲ့ဝင်အသီးသီးက ဖတ်ကြားခဲ့ပြီး တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ရယူကာ သဘာပတိက အတည်ပြုပေးခဲ့သည်။

ဆက်လက်၍ အမှုဆောင်အစားထိုးရွေးချယ်ပွဲကို တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပခဲ့ရာ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့အသစ်အား အဆိုပြု၊ ထောက်ခံစနစ်ဖြင့် ဒါရိုက်တာအဖွဲ့ငါးဦးကို ရွေးချယ်ပေးခဲ့သည်။ ရွေးချယ်ခံရသည့် အမှုဆောင်အဖွဲ့အသစ် ငါးဦးက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာများခံယူခဲ့ပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်မင်းထွန်းက အသင်းဝင်များကိုယ်စား မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်

နေပြည်တော် မေ ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၃၄၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စိတ်ချမြန်ဆန် မီတာဘေလ်ဆောင်ရန်

**မောင်မောင်(လျှပ်စစ်)**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ မန္တလေးတွင်ရှိစဉ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် Online အသုံးပြုမီတာခဆောင်သည့် အခြေအနေများကို ပြည်သူများ သိရှိစေရန် ရေးသားခဲ့ဖူးသော်လည်း ယခုအခါ ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့မှ Online အသုံးပြုမီတာခဆောင်သည့် အခြေအနေများကို ထပ်မံတင်ပြရန်လိုအပ်လာပြီဟု ယူဆပါသဖြင့် ရန်ကုန်မြို့တွင် Online မှ ဓာတ်အားခပေးဆောင်မှုအခြေအနေများကို ထပ်မံရေးသားတင်ပြရခြင်းဖြစ်ပါသည်။

**စက်ဖတ်ချက်ပါရှိမှသာ ငွေသွင်းခြင်းသည် တရားဝင်ဖြစ်**

ရန်ကုန်မှာက နယ်တွေမှာလိုမဟုတ်ပါ။ မီတာခဆောင်ရန် အခက်အခဲအနည်းနှင့်အများ ရှိကြပါသည်။ အိမ်ထောင်စုတိုင်း အလုပ်တာဝန်များဖြင့် မအားလပ်ကြသည်ကများ၍ ရုံးသို့ မီတာခဆောင်ရန်မှာ အခက်အခဲကိုယ်စီရှိကြသည်က များသည်။ လူကြုံဖြင့် ဆောင်ခိုင်းရန်မှာလည်း ငွေမသွင်းဘဲ အလွဲသုံးစားဖြစ်မှာ စိုးရိမ်ရသည်။ လွယ်လွယ်နှင့် အလွဲသုံးစားမပြုနိုင်အောင် ရန်ကုန်နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများတွင် ဌာနမှ ကွန်ပျူတာဘေလ်များ ပြောင်းလဲသုံးစွဲခဲ့ပြီးဖြစ်သည်။ ကွန်ပျူတာဘေလ်ပေါ်တွင် ကွန်ပျူတာဖြင့် ပုံနှိပ်ထားသော စက်ဖတ်ချက်ပါရှိမှသာ ငွေသွင်းခြင်းသည် တရားဝင်ဖြစ်ပါသည်။ မီတာပြေစာပေါ်တွင် လူကြုံဖြင့်ပေးဆောင်ခြင်းမပြုရန်နှင့်အလွဲသုံးစားကိစ္စများ ဖြစ်ပေါ်ပါက ကာယကံရှင်တာဝန်သာဖြစ်ကြောင်းနှင့် ဆောင်ပြီး မီတာဘေလ်များတွင် စက်ဖတ်ချက်ပါရှိခြင်း ရှိ/မရှိ စစ်ဆေးလက်ခံကြရန် စသည်ဖြင့် သေချာစွာရေးသားအသိပေးထားပြီး ဖြစ်သော်လည်း ပြည်သူများဘက်ကလည်း သတိပြုကြရန်နှင့် လိုက်နာကြရန်လိုအပ်ပါသည်။

ထိုသို့ မီတာဘေလ်ဆောင်ရန် အခက်အခဲများကို လွယ်ကူစွာဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုရှိပြီး အလွန်စိတ်ချရသော နည်းလမ်းလည်း ဖြစ်ပါသည်။ မည်သူ့ကိုမှ အားကိုးရန်မလိုပါ၊ မိမိဘာသာအားကိုးလို့ရသည်။ မီတာဘေလ်ဆောင်ဖို့ ရုံးသို့သွားရန်မလို၊ စက်ဖတ်ချက်အား စစ်ရန်လည်းမလို၊ စာရွက်လည်း သိမ်းထားရန် မလိုသောနည်းဖြစ်၍ အလွန်အဆင်ပြေသော နည်းလမ်းဖြစ်သော်လည်း မီးသုံးစွဲသူပြည်သူများအနေဖြင့် ယနေ့အချိန်အထိ အသုံးပြုသူ ရာခိုင်နှုန်းနည်းပါးလွန်းနေပါသည်။

အဆိုပါနည်းလမ်းမှာ Online မှ မီတာဘေလ်ဆောင်သော နည်းလမ်းဖြစ်သည်။ မီတာခတွက်ရန်လည်း ယခုခေတ်တွင် Software များစွာ၊ Application များစွာရှိ၍ မိမိတို့အသုံးပြုသော မိုဘိုင်းဖုန်းများဖြင့်ပင် တွက်ချက်ကြည့်နိုင်ပါသည်။ မိမိတို့ဖုန်းတွင် အသုံးပြုသော Mobile Banking စနစ်ကိုလိုက်၍ Pay အမျိုးအစားအမျိုးမျိုးတွင် Electricity Bill ဟု ရိုက်၍ရှာပြီး မိမိဓာတ်အားခပြေစာပေါ်ရှိ Bar code တွင်ပါရှိသည့် ဂဏန်းနံပါတ်အား ရိုက်ထည့်ပြီး ကျသင့်သည့်မီတာခကို အလွယ်တကူ ပေးဆောင်နိုင်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် Online မှ ဓာတ်အားခပေးဆောင်နိုင်သော Application များမှာ ယခုအခါ ၁၈ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ မြို့နယ်များအလိုက်



အသုံးပြုနိုင်သည့် နှစ်သက်ရာ Pay အမျိုးအစားကို ရွေးချယ်၍ အသုံးပြုနိုင်ပါသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်၍ Online မှ ဓာတ်အားခပေးဆောင်နိုင်သော Application များမှာ-

(၁) ကမ္ဘောဇဘဏ် (KBZ) မှ K pay Application
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်(MAB) မှ MAB Mobile Banking Application
(၃) သမဝါယမဘဏ်(CB) မှ CB pay Application
(၄) ယူအေဘီဘဏ် (uab) မှ UAB pay Application
(၅) ဧရာဝတီဘဏ် (AYA)မှ AYA pay Application
(၆) မြန်မာ့အရှေ့တိုင်းဘဏ်(MOB)မှ MOB Mobile Banking Application
(၇) ထွန်းကော်မာရှယ်ဘဏ်မှ TCB Mobile Banking Application
(၈) ဧရာဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank) မှ A B Mobile Banking Application
(၉) Myanmar Citizens Bank မှ Citizens pay Application
(၁၀) ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shwe Bank)မှ SB Mobile Banking Application
(၁၁) ရိုးမဘဏ်လီမိတက်မှ YOMA Bank Mobile Banking Application
(၁၂) အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD)မှ One pay Application
(၁၃) မြန်မာ့ခရီးသွားဘဏ်လီမိတက်ဘဏ် (MTB Bank ) မှ MTB Mobile Banking Application
(၁၄) Internet Wallet Myanmar Ltd (OKS) မှ OK$ Application
(၁၅) Myanmar Mobile Money (MMM)မှ Easy pay Application
(၁၆) Mytel Wallet International Myanmar CO.,Ltd မှ Mytel pay Application
(၁၇) Ooredoo Myanmar Fintech Limited မှ M-pitesan Application
(၁၈) Digital Money Myanmar Ltd မှ Wave pay Application တို့ ဖြစ်ကြပါသည်။

(၂/၂၀၂၄) လအထိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ Mobile Banking မှ တစ်ဆင့် Online Pay ဖြင့် မီတာဘေလ် ပေးဆောင်နိုင်သော Pay စနစ် ၁၈ ခုအထိ ရှိလာပြီဖြစ်၍ ပေးဆောင်သူ စုစုပေါင်း ၄၆၀၃၅၆ ဦးအထိ ရှိလာနေပြီဖြစ်ပါသည်။ ထိုသို့သောပမာဏမှာ ရန်ကုန်တိုင်းဒေသကြီး၏ လက်ရှိမီးသုံးသူဦးရေ ၁၆၅၃၃၈၆ ဦးနှင့် နှိုင်းယှဉ်မည်ဆိုပါက ၂၇ ဒသမ ၈၄ ရာခိုင်နှုန်းသာရှိသေးသဖြင့် ရာခိုင်နှုန်းများစွာ နည်းနေသေးရာ Pay စနစ်များအသုံးပြု၍ Online မှ ပေးဆောင်ကြပါဟု အလေးအနက် တိုက်တွန်းလိုပါသည်။ ရုံးသို့သွားရမည့်စရိတ်၊ တန်းစီရမည့်ဒုက္ခနှင့် အလုပ်အကိုင်ပျက်ခြင်းတို့မှကင်းဝေး၍ မိနစ်ပိုင်းအတွင်း လွယ်ကူလျင်မြန်စွာ လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်သဖြင့် Online စနစ်ဖြင့် ဓာတ်အားပေးဆောင်သွားကြစေလိုပါသည်။

Google Play Store တွင် Application မျိုးစုံကို ရှာဖွေခြင်းဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ဘဏ်သို့မဟုတ် လုပ်ငန်း၏ အကူအညီကိုရယူ၍ Download လုပ်နိုင်ပြီး အသုံးပြုပုံကို မလုပ်တတ်သေးပါကလည်း သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးသို့ ဖြစ်စေ၊ Mobile Banking သို့မဟုတ် Pay ဆောင်ရွက်သည့် ကုမ္ပဏီကိုဖြစ်စေ တစ်ကြိမ်ဆက်သွယ်ပြီး အသုံးပြုကြမည်ဆိုလျှင် ပြည်သူများအတွက်ရော ဌာနအတွက်ပါ အကျိုးရှိလာနိုင်စေမည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် မိမိတို့အနီးအနားပတ်ဝန်းကျင်ရှိ Mobile Banking သို့မဟုတ် Pay တစ်ခုခုကိုအသုံးပြု၍ ဝန်ဆောင်ခရယူပြီး မီတာဘေလ်ဆောင်ပေးသူများ (ဖုန်းဆိုင်များ၊ စတိုးဆိုင်များ စသည့်)မှလည်း တစ်ဆင့်ပေးဆောင်နိုင်သည်။

**စိတ်ချယုံကြည်ရမှု ရာနှုန်းပြည့်ရှိ**

ဌာနအနေဖြင့် ယခင်က ဝန်ဆောင်ခသတ်မှတ်ရယူ၍ ရပ်ကွက်များအတွင်း အိမ်တိုင်ရာရောက် ငွေကောက်ခံမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ Mobile Banking သို့မဟုတ် Pay များကို ဖုန်းဖြင့် တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ကာ ဝန်ဆောင်ခယူ၍ မော်တော်ယာဉ်ဖြင့် မီတာဘေလ်ကောက်ခံသောစနစ်ကို ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ Online မှ မီတာဘေလ်ဆောင်ရာတွင် သတိပြုရမည့်အချက်မှာ ကြွေးကျန်မရှိရန် လိုအပ်ပြီး လစဉ် ၁၃၊ ၁၄၊ ၁၅ ရက်နေ့များတွင် Mobile Banking သို့မဟုတ် Pay များပေါ်တွင် မီတာဘေလ်များရောက်ရှိပြီဖြစ်ပါသဖြင့် အဆိုပါရက်များမှစ၍ Last Date မတိုင်မီ တစ်ရက်အထိ ပေးဆောင်သွားနိုင်ပြီး ကျော်လွန်ခဲ့ပါက ရက်လွန်ဒဏ်ကြေး ပေးဆောင်သွားရမည်ဖြစ်ပါသည်။ ဌာနတာဝန်မှာ လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ရေး ဖြစ်သကဲ့သို့ လျှပ်စစ်မီးသုံးစွဲသော ပြည်သူများကလည်း နိုင်ငံကြီးသားပီသစွာ မိမိတို့သုံးစွဲသော ဓာတ်အားခများကို မှန်မှန်ကန်ကန်ပေးချေသွားရန်လိုအပ်ပြီး အချိန်ကုန်လူပန်းမဖြစ်စေနိုင်သော Online မှ ပေးဆောင်ခြင်းကို စိတ်ချယုံကြည်ရမှု ရာနှုန်းပြည့်ရှိသဖြင့် ရွေးချယ်အသုံးပြုသင့်ကြပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ မိမိတို့ပေးဆောင်လိုသော Mobile Banking စနစ်တစ်မျိုးမျိုးတွင် မီတာစာရွက်ပေါ်ရှိ Bar code နံပါတ်များ မှန်မှန်ကန်ကန် ဖြည့်သွင်း၍ ကိုယ်တိုင်ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ နီးစပ်ရာဝန်ဆောင်ပေးသူများ အကူအညီရယူ၍ဖြစ်စေ Online မှ ဓာတ်အားခပေးဆောင်ခြင်းဖြင့် လျင်မြန်၍ လုံခြုံပြီးစိတ်ချရသဖြင့် မဖြစ်မနေကူးပြောင်းဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းတင်ပြလိုပါသည်။ မဝေးလှသောကာလတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် အောင်ဘာလေထီကဲ့သို့မျိုး Mebill ဟုခေါ်သော မိုဘိုင်းဖုန်းဖြင့် ကျသင့်ဘေလ်ကို တိုက်ရိုက်ဖတ်ရှုသိရှိနိုင်မည့် Application မှတစ်ဆင့် သက်ဆိုင်ရာ ပေးဆောင်လိုသည့် Mobile Banking သို့မဟုတ် Pay သို့ တိုက်ရိုက်ပေးသွင်း ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိရာ Online မှ မီတာဘေလ်ဆောင်ခဲ့သည့် စနစ်သို့ ကူးပြောင်းသုံးစွဲပေးကြပါရန် အလေးအနက် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

**❛ မီတာဘေလ်ဆောင်ရန် အခက်အခဲများကို လွယ်ကူစွာဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုရှိပြီး အလွန်စိတ်ချရသောနည်းလမ်းလည်း ဖြစ်ပါသည်။ မီတာဘေလ်ဆောင်ဖို့ ရုံးသို့သွားရန်မလို၊ စက်ဖတ်ချက်အား စစ်ရန်လည်းမလို၊ စာရွက်လည်း သိမ်းထားရန်မလိုသောနည်းဖြစ်၍ အလွန်အဆင်ပြေသော နည်းလမ်းဖြစ်သော်လည်း မီးသုံးစွဲသူပြည်သူများအနေဖြင့် ယနေ့အချိန်အထိ အသုံးပြုသူရာခိုင်နှုန်းနည်းပါးလွန်းနေပါသည်။ အဆိုပါနည်းလမ်းမှာ Online မှ မီတာဘေလ်ဆောင်သောနည်းလမ်းဖြစ် ❜**

## မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင် လွှင့်တင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာ အစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက ၁၃-၁-၂၀၂၄ ရက်နေ့တွင် သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဖြန့်ချိ မျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း ၁၃-၃-၂၀၂၄ ရက်နေ့တွင် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်၍စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် “ဘီယာဗိုက်”အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာ တေးသီချင်း ဗီဒီယိုရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော် မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများအား ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ-၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဋ္ဌမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် ဧပြီ ၄**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဋ္ဌမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကို ဧပြီ ၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**လှည့်လည်ပူဇော်**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုများက ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများအား လှည့်လည်ပူဇော်ကြပြီး ရွှေစည်းခုံစေတီတော်ကြီးအား လက်ယာရစ်ရှင်လောင်းလှည့်လည်ခြင်းများနှင့် ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်၌ ရဟန်း ၆၉ ပါး၊ ရှင်သာမဏေလောင်း ၂၅ ပါးနှင့်



သီလရှင်လောင်း ၂၂ ပါး စုစုပေါင်း ၁၁၆ ပါးတို့အား ဆံချမင်္ဂလာ ပြုလုပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် သီလရှင်လောင်းများအား သင်္ကန်းစည်းပေး၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်မှ သိမ်ထွက်ရဟန်းသံဃာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သိမ်ဆွမ်းများလောင်းလှူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ညောင်တုန်းမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ညောင်တုန်း ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂နာရီက ရွှေဟင်္သာတောရကျောင်း ရာပြည့်ဗိမာန်၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် အစိုးရဓမ္မာစရိယဖြေဆိုသံဃာ ၄၄ ပါးနှင့် ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်း ၂၈ ပါး၊ ပထမလတ်တန်း ၂၁ ပါး၊ ပထမငယ်တန်း ၄၅ ပါး၊ အခြေပြုမူလတန်း ၇၂ ပါး စုစုပေါင်း စာဖြေသံဃာ အပါး ၂၁၀ စာရင်းသွင်းဖြေဆိုကြပြီး မြို့နယ်သံဃနာယကအဖွဲ့ကြီးကြပ်ဆရာတော်များနှင့်အတူ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက စာမေးပွဲဖြေဆိုသည့်ကာလအတွင်း အဆင်ပြေအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံသားတစ်ဦး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများအား ကာယကံရှင်ထံ ပြန်လည်ပေးအပ်

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံသား ဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေသည် ရန်ကုန် အခြေစိုက်ဂန္ဓဝင်ခရီးသွားလာရေးကုမ္ပဏီဖြင့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ် အမေရိကန်ဒေါ်လာ ၃၀၄၈ ဒေါ်လာ၊ စင်ကာပူဒေါ်လာ ၇၈၉ ဒေါ်လာ၊ KBZ Master ကတ် တစ်ကတ်နှင့် AYA Bank ကတ် နှစ်ကတ်တို့ ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျောက်ဆုံးခဲ့သည့် ငွေသားနှင့် ပစ္စည်းများကို စင်ကာပူနိုင်ငံရဲတပ်ဖွဲ့ Lost and Found ဌာနမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် မြန်မာသံရုံး စင်ကာပူမြို့သို့ လာရောက်အပ်နှံခဲ့သည်။ မြန်မာသံရုံးအနေဖြင့် ကာယကံရှင် ဒေါ်ခိုင်ခိုင်ဆွေနှင့်



အဆက်အသွယ် ရရှိနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရသဖြင့် ၎င်းငွေသားနှင့်ပစ္စည်းများအား မြန်မာသံရုံး၌ စနစ်တကျ ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ် ရရှိခဲ့သဖြင့် မွန်းလွဲပိုင်းတွင် သံရုံး ယာယီတာဝန်ခံ/သံအမတ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိန်းသိမ်းထားရှိထားသည့် ငွေသားနှင့်ပစ္စည်းများကို ကာယကံရှင်ဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများသို့ အသိပေးကြေညာချက်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနသည် နိုင်ငံအတွင်းနေထိုင်သူများမှ အသက် (၁၀) နှစ်အထက်ရှိသူများကို electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data) နှင့် ဇီဝအချက်အလက်များ (Biometric Data) တို့ကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း (၁၀) လုံးပါရှိသည့် UID (Unique Identity Number) သတ်မှတ်ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ Biographic/ Biometric အချက်အလက်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ် တစ်ခုခုအား တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နယ်စပ်ဖြတ်ကျော် ဝင်/ထွက်သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ TBP, BP လက်မှတ်များဖြင့် တရားဝင် ဝင်/ထွက်သွားလာခွင့် ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်/ထွက်ခွင့်ပြုရာတွင် နယ်စပ် အဝင်/အထွက် လူဦးရေစာရင်းဇယားတိကျစွာရရှိနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများနှင့် အသုံးမပြုသည့်ကတ်များအား အသုံးပြု၍ သွားလာခြင်းများကို ထိန်းချုပ်နိုင်ရေးတို့အတွက် UID လက်မှတ်ပါမှသာ TBP, BP လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်စပ်ဝင်/ထွက်ဂိတ်များသို့ TBP, BP လက်မှတ်လာရောက်လျှောက်ထားသူ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ UID စာရွက်ပါ တစ်ပါတည်းယူဆောင်လာကြပါရန်နှင့် (၁-၅-၂၀၂၄) ရက်နေ့မှစတင်ပြီး UID စာရွက်ပါမှသာ TBP, BP လက်မှတ်များ ထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်သူများသို့ ကြိုတင် အသိပေးကြေညာအပ်ပါသည်။ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## တိုင်းဒေသကြီး ဝန်ကြီးချုပ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မေ ၄ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့ သွားရောက်၍ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့ရှိ ဦးအောင်ရွှေ၏ ထာဝရမေတ္တာဆန်စက်၊ မြေပဲကြိတ်ခွဲစက်၊ စပါးအခြောက်ခံစက်နှင့် ဆီစက်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲစိုက်တောင်သူများထံမှ ဒေသပေါက်ဈေးနှုန်းအတိုင်း ပြန်လည်ဝယ်ယူနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာရှိ ဦးကျော်စိုး၏ ခေတ်မီနည်းစနစ်ဖြင့် မွေးမြူထားရှိသည့် အသားစားကြက်ကောင်ရေ တစ်သိန်း၊ ဥစားကြက်ကောင်ရေ ၅၀၀၀နှင့် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူ စုစုပေါင်းကောင်ရေ ကိုးသိန်းခွဲကျော် မွေးမြူထားသည့် ငါးမွေးမြူရေးကန်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူလျက်ရှိသော ဦးဝင်းဘို၏ ဥစားဘဲ မွေးမြူရေးခြံသို့ သွားရောက် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြု ရန်ပုံငွေကျပ် ၂၅၄ ဒသမ ၇ သန်းဖြင့် မုဒုချောင်းရိုးအရှည် ၈ ဒသမ ၂ မိုင် တူးဖော်ပေးနိုင်ခဲ့မှုကြောင့် ယခင်က တစ်နှစ် တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ မြေဧရိယာ ဧက ၁၁၄၀ သီးထပ်တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပြီး ဒုတိယသီးနှံအဖြစ် နွေစပါး စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် ကြိုတင် ပျိုးထောင်သည့်စနစ်ဖြင့် စိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲသွားရန်၊ စိုက်ပျိုးရေ လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲရန်၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရန် ပြောကြားခဲ့ပြီး သွင်းအားစုများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပမည့် (၁၃)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ(အလွတ်တန်းအဆင့်) နှင့် ကျပန်းစကားပြော (မြန်မာ/အင်္ဂလိပ်)၊ ကဗျာရွတ်ဆို (မြန်မာ/အင်္ဂလိပ်) (အထက်တန်း/ အလယ်တန်း/ မူလတန်းအဆင့်) ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ (အလွတ်တန်းအဆင့်)ပြိုင်ပွဲဝင် စာမူများကို ဇွန် ၇ ရက် နောက်ဆုံး ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ကျပန်းစကားပြော (မြန်မာ/အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆို (မြန်မာ/အင်္ဂလိပ်) (အထက်တန်း/ အလယ်တန်း/ မူလတန်းအဆင့်) ပြိုင်ပွဲများကို အခြေခံပညာကျောင်းများသာမက ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ အဆိုပါ ပြိုင်ပွဲများကို ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံတွင် ကျင်းပပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ဇွန် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ (အလွတ်တန်းအဆင့်) ဆုရရှိသူများနှင့် ကျပန်းစကားပြော (မြန်မာ/အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆို (မြန်မာ/အင်္ဂလိပ်) (အထက်တန်း/ အလယ်တန်း/ မူလတန်းအဆင့်) ဆုရရှိသူများကို ဇွန် ၂၅ ရက်တွင် ဆုပေးပွဲအခမ်းအနားဖြင့် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ရုံး၊ အမှတ် ၃၇/ဂျီ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်းအမှတ် ၀၉၂၅၄၀၂၄၇၉၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## တောင်ကြီးမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

တောင်ကြီး မေ ၄

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ရုံးမှ တောင်ကြီးမြို့နယ်အတွင်းရှိ မိဘပြည်သူများနှင့် ကယားပြည်နယ်မှ ယာယီတိုက်ပွဲရှောင် ရောက်ရှိလာသော ပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ e-ID/Biometric အချက်အလက်များ ကောက်ယူခြင်းက မေ ၂ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် ဓမ္မသုခကျောင်းတိုက်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်နှင့် စဝ်စံထွန်းရပ်ကွက်နေပြည်သူ ၁၅၀ ခန့်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ e-ID/Biometric အချက်အလက်များ ကောက်ယူခြင်းနှင့် ကယားပြည်နယ်မှ ယာယီတိုက်ပွဲရှောင် ပြည်သူ ၁၀၀ ခန့်အား M တံဆိပ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းများထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေးခြင်း၊ e-ID/Biometric အချက်အလက်များကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့ရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် စာသင်ကျောင်းများပိတ်ထားရ

**မနီလာ မေ ၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၌ အပူချိန်မြင့်တက်လာမှုကြောင့် ယနေ့တွင် စာသင်ကြားနေမှုများကို ဆိုင်းငံ့လိုက်ကြောင်း ပညာရေးတာဝန်ရှိသူများက ပြောသည်။ အပူချိန်အညွှန်းကိန်းသည် မနီလာမြို့တော်တွင် မတ် ၄ ရက်၌ ၄၃ ဒီဂရီ စင်တီဂရိတ်သို့ ရောက်ရှိနိုင်ကာ နိုင်ငံ၏ အခြားဒေသအများအပြားတွင် အပူချိန်မြင့်တက်နေကြောင်း မိုးလေဝသ တာဝန်ရှိသူက ပြောသည်။

**စာသင်ကြားချိန်လျှော့ချ**

ကွီဇုန်ရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများကို ပိတ်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့ပြီး အခြားဒေသများရှိ ကျောင်းများကို အဝေးသင်စနစ်ဖြင့် သင်ကြားရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ မနီလာရှိ ကျောင်းအချို့သည် နေ့ခင်း၏ အပူဆုံးအချိန်ကို ရှောင်ရှားရန် စာသင်ကြားချိန်ကို လျှော့ချခဲ့သည်။

ဖိလစ်ပိုင်ပညာရေးဌာနက ကျောင်းအများအပြားသည် နေအိမ်မှသင်ယူသည့်စနစ်ကို ရွေးချယ်ထားသောကြောင့် ကျောင်းသားများသည် အိမ်တွင် စာကျက်နိုင်ပြီး ပူပြင်းသော ရာသီဥတုဒဏ်ကို ရှောင်ရှားနိုင်သည်ဟု ပြောကြားသည်။ အပူကြောင့်ဖြစ်သော ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဌာနကကျောင်းသားများအား သတိပေးထားသည်။

**အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိ**

"ကြာရှည်စွာ အပူနှင့် ထိတွေ့ခြင်းသည် လေသင်တုန်းဖြတ်ခြင်း ဖြစ်နိုင်ခြေကို တိုးမြင့်စေပြီး သတိလစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် တက်ခြင်း စသည့်အခြေအနေများသို့ ရောက်ရှိပါက သေဆုံးနိုင်သည်ဟု ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ မတ် ၂၈ ရက်မှ မေ ၁ ရက်အထိ နိုင်ငံအတွင်းရှိ ပြည်နယ်အချို့တွင် အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့သည်။

ယင်းအခြေအနေများသည် လာမည့်ရက်များအထိ ထပ်မံဖြစ်ပွားနိုင်သည်ဟု ပြည်တွင်းမီဒီယာများက ပြောသည်။ အပူဒဏ်ကြောင့် ကြွက်တက်ခြင်းနှင့် အားအင်ကုန်ခန်းခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံ၌ အယ်နီညိုရာသီဥတုဖြစ်စဉ်များ မကြာခဏဖြစ်ပွားလေ့ရှိသည်။

**ကိုးကား - သည်စတား**
**ဘာသာပြန် - စိုးသူရ**

## ထိုင်းနိုင်ငံ၌ အပူလှိုင်းကျရောက်

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်အထိ မြင့်တက်လာပြီး အပူလှိုင်းကျရောက်နေကြောင်း ယနေ့သည် စတားသတင်းစာသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံသားများကို နေ့ခင်းဘက်တွင် အိမ်ထဲတွင်သာနေရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။ ကျန်းမာရေးဌာနသည် ပြည်သူများအား အိမ်တွင်း၌နေရန်နှင့် အပူဒဏ်ကြောင့် လေသင်တုန်းဖြတ်ခြင်းမှ ကာကွယ်ရေးအတွက် နေအိမ်ပြင်ပလှုပ်ရှားမှုများကို ရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။

နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အမြင့်ဆုံးအပူချိန် ၄၁ မှ ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ဗန်ကောက်အပါအဝင် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ၃၉မှ ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနေသည့်အတွက် အိမ်တွင်းတွင်နေထိုင်ရန် အရေးကြီးကြောင်း တာဝန်ရှိသူများက ပြောသည်။ ဒေသအများ အပြားတွင် ပြီးခဲ့သည့်လကစတင်၍ အပူချိန်သည် ပုံမှန်ထက်မြင့်တက်နေခဲ့သည်။

**ကိုးကား -သည်စတား၊ ဘာသာပြန် - စိုးသူရ**



## တရုတ် (တိုင်ပေ)၌ ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်၊ ၁၀ ဦး သေဆုံး

**တိုင်ပေ မေ ၄**

တရုတ် (တိုင်ပေ)၌ မေ ၃ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ၁၀ ဦးသေဆုံးပြီး ၁၀၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိကာ ၃၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တိုင်ပေမိုးလေဝသအေဂျင်စီက ပြောကြားသည်။

ငလျင်၏ဗဟိုချက်မှာ ဟွာလီယန်ခရိုင်၏ အရှေ့တောင်ဘက် ၂၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ငလျင်၏ ပြင်းအားသည် ဟွာလီယန်ခရိုင်၌ ၇ ဒသမ ၃ အဆင့်ရှိပြီး နယူးတိုင်ပေနှင့် တိုင်ချောင်မြို့၌ ပြင်းအား ၅ အဆင့်ရှိကြောင်း သိရသည်။

တိုင်ပေ၏ အရှေ့ဘက်ပိုင်းတွင် အမြင့် ၄၅ စင်တီမီတာရှိသည့် ဆူနာမီလှိုင်းလုံးကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပြီး ကမ်းရိုးတန်းဒေသများရှိ အစိတ်အပိုင်းများကို ဆိုးရွားစွာ ရိုက်ခတ်စေခဲ့ကြောင်း အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့်လေထုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ပြောသည်။



ငလျင်လှုပ်ခတ်မှုကြောင့် ဟွာလီယန်ခရိုင်၌ ပျက်စီးဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်နိုင်ဖွယ်ရှိပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့ကို အဆိုပါဒေသသို့ စေလွှတ်ထားကြောင်း သိရသည်။

ဟွာလီယန်ခရိုင်ရှိ စီးပွားရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ကြေညာသည်။

ထို့ပြင် လူနေအဆောက်အအုံအများအပြား တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ပြီး ရာနှင့်ချီသောလူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ တောင်ကုန်းဒေသများတွင်လည်း ကျောက်တုံးများ ပြိုကျခဲ့ပြီး မြေပြိုကျမှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နယူးတိုင်ပေမြို့ရှိ ရော်ဘာစက်ရုံတစ်ရုံ ပြိုကျခဲ့သည်။

မြို့အများအပြားရှိ မြေအောက်ရထားများကို ယာယီရပ်ဆိုင်းထားသည်။ တိုင်ပေတွင် အနည်းဆုံး တစ်မိနစ်ကြာ ပြင်းထန်စွာ ငလျင်လှုပ်ခတ်မှုကြောင့် မြေအောက်ရထားပြေးဆွဲမှုကို မိနစ် ၄၀ မှ ၆၀ အထိ ရပ်ဆိုင်းခဲ့ရသည်။

ရစ်ချ်တာစကေး ၇ အဆင့်ရှိ ငလျင်များ နောက်သုံးရက်အတွင်း လှုပ်ခတ်လာနိုင်ကြောင်း တိုင်ပေမိုးလေဝသဌာနက ခန့်မှန်းထားသည်။

တိုင်ပေအရှေ့ပိုင်း၌ မကြာသေးမီနှစ်များအတွင်း အင်အားပြင်း ငလျင်အများအပြား လှုပ်ခတ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ၁၇ ဦး သေဆုံးပြီး ၂၉၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အလားတူ ၂၀၂၂ ခုနှစ်တွင် ပြင်းအား ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ဟွာလီယန်ခရိုင်၌ တစ်ဦးသေဆုံးပြီး ၁၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံ၌ ဆုန်ခရန် သင်္ကြန်ပွဲတော်ကျင်းပ

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံသည် ၎င်း၏ ရိုးရာနှစ်သစ်ကူးဆုန်ခရန်သင်္ကြန်ပွဲတော်ကို မေ ၁ရက်တွင် စတင်ကျင်းပခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ဆုန်ခရန်သင်္ကြန်ပွဲတော်ဖြင့် ဆွဲဆောင်နိုင်ရန် ထိုင်းအစိုးရက စီစဉ်ဆောင်ရွက်ခဲ့သည်။ မေ ၁ ရက်နေ့သည် ယခုနှစ် သင်္ကြန်ပွဲတော်၏ အစနေ့ဖြစ်ပြီး ယခုနှစ်ဆုန်ခရန် သင်္ကြန်ပွဲတော်အား ထိုင်းယဉ်ကျေးမှု ဓလေ့ထုံးတမ်း များအရ အခမ်းအနားများပြုလုပ်၍ မေ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်း သင်္ကြန်ပွဲတော်တွင် ဓလေ့ထုံးတမ်းအရ အချင်းချင်း ရေပက်ကစားလေ့ရှိပြီး ယင်းပွဲတော်သည် နိုင်ငံခြားခရီးသွားများအကြား ရေပန်းစားသည့်ပွဲတော်ဖြစ်သည်။ ယခုနှစ် သင်္ကြန်ပွဲတော်သည် ယူနက်စကိုက ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းပြီးနောက် ပထမဆုံးကျင်းပသော သင်္ကြန်ပွဲတော်ဖြစ်သည်။

ယခုနှစ်ဆုန်ခရန်သင်္ကြန်ပွဲတော်မှ ဝင်ငွေ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်ရရှိရန် ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းအတွက် ကြီးမားသော အကျိုးကျေးဇူးရရှိမည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားသည်။

ယခုနှစ် ဆုန်ခရန် သင်္ကြန်ပွဲတော်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ကပ်ရောဂါ မဖြစ်ပွားမီကာလကလာရောက်ခဲ့သည့် နိုင်ငံခြားသားဧည့်သည်အရေအတွက် ပြန်လည်လာရောက်စေရေး ကူညီပေးမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဆူဒါဝမ်က ပြောသည်။

**ကိုးကား -အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

## အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲ မေ ၁၉ ရက်တွင် ကျင်းပမည်

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံ၌လာမည့်အထွေထွေရွေးကောက်ပွဲအတွက်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပြီး ရွေးကောက်ပွဲ၏ ပထမအဆင့်ကို မေ ၁၉ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ တစ်ဘီလီယံနီးပါး ဆန္ဒမဲပေးမည်ဖြစ်သည်။

ရွေးကောက်ပွဲ တာဝန်ရှိသူများသည် မဲများထပ်မံမဲပေးခြင်းကို ကာကွယ်တားဆီးရန်နှင့် ဆန္ဒမဲပေးပြီးသည့် ပြည်သူများကို အမှတ်အသားပြုနိုင်ရန် အလွယ်တကူ ပြန်လည်ဖျက်၍မရနိုင်သော မင်အမျိုးအစားကို အသုံးပြုမည်ဖြစ်သည်။ သက်ဆိုင်ရာကုမ္ပဏီက မင်ပုလင်းပေါင်း ၂ ဒသမ ၅ သန်း ကျော်ကို ထုတ်လုပ်ထားပြီး ဝယ်လိုအားပြည့်မီရန် တစ်ရက်လျှင် ၈၀၀၀၀ ထပ်မံ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရွေးကောက်ပွဲကို ဇွန် ၁ ရက်အထိ အဆင့်ခုနစ်ဆင့်ဖြင့် ကျင်းပမည်ဖြစ်သည်။ ရက်သတ္တ ၆ ပတ်ကြာမြင့်မည်ဖြစ်သည့် ရွေးကောက်ပွဲအတွက် နိုင်ငံတစ်ဝန်း၌ မဲရုံတစ်သန်းကျော်ကို တာဝန်ရှိသူများက စီစဉ်သတ်မှတ်လျက်ရှိသည်။

ရွေးကောက်ပွဲရလဒ်ကို ဇွန် ၄ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နေပြည်တော်ကောင်စီနယ်မြေ အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့

**နေပြည်တော် ဧပြီ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် အေလာမြို့နယ်တို့ရှိ အရေးကြီးအဆောက်အအုံများနှင့် နေရာဌာနများအား ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့်အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အနီးတို့မှ Fixed Wing များလွှတ်တင်ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။

ထိုသို့ကြံစည်ကြိုးပမ်းလာခဲ့မှုအား နေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များအားလုံးကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သည်။ ထိုသို့ လက်ဦးမှုရယူဟန့်တားနိုင်ခဲ့မှုကြောင့် နှစ်စင်းမှာ သတ်မှတ်နေရာမရောက်မီ လေထဲတွင် ပေါက်ကွဲပျက်စီးခဲ့ပြီး အခြား Fixed Wing အားလုံးကိုလည်း ပစ်ချဟန့်တားနိုင်ခဲ့သည်။ အဆိုပါ ပစ်ချဟန့်တားခဲ့မှုကြောင့် မြေပြင်ပေါ်သို့ပျက်ကျခဲ့ရသည့် Fixed Wing များအနက် ၁၃ စင်းအား သိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့အနက် လေးစင်းတွင် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ပါရှိလာသဖြင့် စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ရသည်။ အခြားမြေပြင်ပေါ်သို့ပျက်ကျခဲ့သည့် Fixed Wing များအား သိမ်းဆည်းရမိရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်များတွင် လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရေးပေါ်အခြေအနေများတွင် ဖြစ်ပေါ်လာသောအခြေအနေများအား လုံခြုံရေးအရ ချက်ချင်းတုံ့ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအား ပစ်ချဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအား တွေ့ရစဉ်။



ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများပါရှိသည့် Fixed Wing များအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



# ဟုမ္မလင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မနော်သာကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဧပြီ ၁ ရက်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




**ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိ**

ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ဟုမ္မလင်းမြို့နယ်ရှိ ကျေးရွာများကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဧပြီ ၁ ရက်မှစပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် မနော်သာကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများက ထိခိုက်သေဆုံးခဲ့ရကြောင်း ဟုမ္မလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့် လွဲမှားနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

**မှော်ဘီ ဧပြီ ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Wan He Garment Co.,Ltd. စက်ရုံမှ အာမခံအလုပ်သမား အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Wan He Garment Co.,Ltd. စက်ရုံမှ အာမခံအလုပ်သမား ဒေါ်သီရိခိုင်၏အလုပ်ခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးကျော်ငွေအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၄-၂၀၂၄ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** 'စကားဝါငြေမှ ပုပ္ပါးမြတ်တောင်တော်'
- **၀၉:၃၀** ဒါသကြိန်အဆို၊ အကများ
- **၀၉:၄၀** Soccer View
- **၁၀:၃၀** လူမှုစီးပွားသတင်းများ
- **၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၅)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၉)
- **၁၅:၂၅** လူငယ်ရေးရာအစီအစဉ်
- **၁၆:၃၅** မျိုးဝင်ဂုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- **၁၇:၂၅** Weekly Sports Info
- **၁၈:၃၅** ဒါသကြိန်အဆို၊ အကများ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'နှစ်သစ်မင်္ဂလာမဟာသင်္ကြန်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ပွဲစဉ်-၂)
- **၂၂:၁၀** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၁)

**mitv**

- **07:01** Evergreen Classic: Aseinnaya (Takkatho Lae Lae)
- **07:11** Chef Life: Ce'dric Davoine (French Chef)
- **07:37** Finding Ways for Coexistence between People and Elephants
- **07:51** Mekong-Lancang Cooperation: Puppet Festival - Creative Performance by Puppeteers of the People's Republic of China
- **08:01** News
- **08:26** Journey To The Mogok (Part-1)
- **08:48** Thingyan Songs & Dances
- **09:01** Lest We Forget Great Gratitude of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- **09:24** Myanmar Traditional Brass Embossed Painting
- **09:44** Fishery Products: Pickled Prawn Business
- **10:01** News
- **10:26** Topical Topics (No.45) Beef up generating electricity for meeting public demand

**MRTV NRC**

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** တန်ခူးလရဲ့သကြိန်ရှမ်းဓလေ့ထုံးစံ
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** 'ဝ'ဘာသာစကားပြောကြရအောင် (အသီးအရွက်ဆိုင်ရာဝေါဟာရများ)
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ခရုချက်စားကြမယ်
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** ကယားရိုးရာတူရိယာပြုလုပ်ခြင်း
- **စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** အဆိုတော်လယ်ကလယ်မူးနှင့်တွေ့ဆုံခြင်း
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** စွန့်ပစ်ငှက်ပျောမှ တန်ဖိုးမြင့် လူသုံးကုန်လက်မှုထည်များဆီသို့
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** အိပ်နောက်ပေးတွင် ဈေးဆိုင်တည်ခြင်း
- **ချင်း (လိုင်စိုး) ၁၇:၀၀ မှ ၁၈:၀၀)** ကြက်သားနှင့်ပိန္နဲသီးချက်နည်း
- **ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** ညောင်စေးပြုလုပ်ခြင်း
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** မော်လမြိုင်မုန့်ဟင်းခါး
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ထူးဆန်းပွဲရှာဓလေ့ရိုးရာ(ရခိုင်ချိန်ခွင်)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** Economic Review
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၉:၁၅** လမ်းလျှောက်နေသောခြံထည်များ ချင်းဟိုင်တောင်များစီးရီး(အပိုင်း-၂)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- **၀၉:၁၅** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **အာဟာရ**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **(စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း)**
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၁)

**MRTV FARMERS' / HTV Channel**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၀** သုတာပဒေသာစိုက်ပျိုးနည်းပညာ စီးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** Golden Tour July 2023
- **၁၉:၃၀** Modern Agriculture Machines That Are At Another Level #5
- **၂၂:၀၀** ရွှေမင်းသမီးနှင့်တောသားကိုကို (ဇာတ်လမ်း) (မြင့်မြတ်၊ မိုးယုစံ)

**MRTV SPORTS / HTV Sports**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၄၀** Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှုအကြိမ်ရေ ၆၅၀ ကျော် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း ၂၁၇၀၀ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်း တိုက်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ် ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များ ရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

( ခ ) လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

( ဂ ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံ စိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ် အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။




၅။ လေပြင်း တိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်း တိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ် ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

( ခ ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

( ဂ ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

( ဃ ) လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၆။ လေပြင်း တိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီ ကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပါ။

( ခ ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

( ဂ ) ထိခိုက်ဒဏ်ရာ ရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှု ခံယူပါ။

(ဃ) ကာကွယ် စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဒုတိယဝန်ကြီး ဦးစိုးကြည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်လူမှုဝန်ထမ်းရုံး၊ မူလတန်းကြိုကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးရုံးတို့အား ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိစစ်ဆေးသည်။

စစ်ဆေးစဉ် အဆောက်အအုံနှင့် ဌာနပိုင်ပစ္စည်းများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး၊ ဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သည့် နေရာများသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ပေးနိုင်ရေး၊ ဘေးသင့်ပြည်သူများ၏ လတ်တလောစားဝတ်နေရေး လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးရန်ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံး၊ လေလွင့် ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သက်တမ်းပြည့်သိုလှောင်ထားရှိနိုင်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူခရိုင် မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးများ၏ သင်ယူရန်နေရာများ၊ ကစားကွင်းနေရာများ၊ ချက်ပြုတ်ကျွေးမွေးရာနေရာများ၊ ကျန်းမာရေးနှင့်အညီစောင့်ရှောက်ထားရှိမှု အခြေအနေများနှင့် ရေအိမ်သုံးစွဲရာနေရာများကို ကြည့်ရှုစစ်ဆေး၍ တောင်ငူခရိုင်လူမှုဝန်ထမ်းရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ တောင်ငူခရိုင်အတွင်းရှိ အသက် ၈၅ နှစ်အထက် ဘိုး၊ ဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးမှု အခြေအနေများကို စနစ်တကျလုပ်ကိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ပြီး သက်မွေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်နေမှု၊ သင်တန်းအမျိုးအစားအလိုက် သင်တန်းသားသင်တန်းသူများက ဘဝရပ်တည်နိုင်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ သင်တန်းသားအရေအတွက် တိုးမြှင့်သင်ကြားပေးနိုင်ရေး၊ သင်ကြားပို့ချပေးသောဘာသာရပ်များသည် ခေတ်နှင့်အညီဆန်းသစ်တီထွင်သည့် အိမ်တွင်းမှုဘာသာရပ်များ သင်ကြားပေးနိုင်ရေးနှင့် သင်တန်းပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးများမှ ဝန်ထမ်းများ၊ မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ဝန်ထမ်းများကို တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ၊ လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်သည့် သိကောင်းစရာများကိုထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် လျှော့ချရေး ရေမှုန်ရေ မွှားပက်ဖျန်းခြင်းဆောင်ရွက်

တာချီလိတ် မေ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး ရေမှုန်ရေမွှားပက်ဖျန်းခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မေ ၃ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်ခဲ့ကြသည်။

**ရေမှုန်ရေမွှားပက်ဖျန်း**

တာချီလိတ်ခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှပြည်သူလူထုကျန်းမာရေးအတွက် လေထုအရည်အသွေးတိုင်းတာခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက် နံနက် ၇ နာရီမှ ၃ ရက် နံနက် ၇ နာရီထိ တိုင်းတာချက်အရ တာချီလိတ်မြို့ဝန်းကျင်၌ လေထုအရည်အသွေး PM 2.5 သည် ခရမ်းရောင်အဆင့် (Very Unhealthy) တွင် ရှိနေသဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး ရေမှုန်ရေမွှားပက်ဖျန်းခြင်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်းတို့ ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လေယာဉ်ကွင်းလမ်းဆုံမှ ခရိုင်စုပေါင်းရုံးအထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး တစ်လျှောက် AERIAL LADDER FIRE FIGHTING မီးသတ်ကားကြီးဖြင့် ရေမှုန်ရေမွှားများ ပက်ဖျန်းဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## လွယ်ဝိုးတုတ်ကျေးရွာနှင့် ပုံးအယ်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်



ဟိုပုံး မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bombများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် စငေါ်ကျေးရွာအုပ်စု၊ လွယ်ဝိုးတုတ်ကျေးရွာနှင့် ဖက်ရမ်းကျေးရွာအုပ်စု၊ ပုံးအယ်ကျေးရွာတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်၉နာရီက သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် လူတစ်ဦးအတွက် ဆန်နှစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၅၅ စုအတွက် ၁၄ ရက်စာ ဆန်အိတ် စုစုပေါင်း ၆၃ အိတ်နှင့် အိမ်ဆောက်ပစ္စည်းများကို လွယ်ဝိုးတုတ်ကျေးရွာနှင့် ပုံးအယ်ကျေးရွာရှိ ဒေသခံပြည်သူများထံသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဒေသခံပြည်သူတစ်ဦးနှင့် တိုက်ပွဲအတွင်းပိတ်မိနေ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဒေသခံပြည်သူများကို ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပုံးအယ်ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုနှင့် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် ထောက်ပံ့ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



ဘားအံ မေ ၄

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၈၅ ဒသမ ၉၃၁ သန်းဖြင့် မြေလမ်း ၃/၀ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၅/၆ မိုင်၊ ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၃/၀ မိုင်၊ သံကူကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၁၈ စင်း တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး လှိုင်းဘွဲ့မြို့နယ် မိကြောင် - ဖားအိ - သမို - ရောထ - သရီးခို - ဝါးမီးကလား - ရှမ်းရွာ သစ်လမ်း ၂၈/၄ မိုင်ပေါ်တွင် သံကူကွန်ကရစ်တံတားပေ ၈၀ တစ်စင်းနှင့်ပေ ၂၀ တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်အပြင် အနီးပတ်ဝန်းကျင်ကျေးရွာ ၃၁ ရွာ၊ အိမ်ခြေ ၁၈၁၂ အိမ်၊ အိမ်ထောင်စု ၁၉၂၄ စု၊ လူဦးရေ ၁၀၇၉၇ ဦးတို့မှာ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အနုညာတခုံရုံး ခုံသမာဓိလူကြီး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၄

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ) တရားဝင်တည်ထောင်ထားသော Myanmar International Arbitration Center(MIAC) Incorported အသင်းက ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း (Basic and Advance Course)အနုညာတခုံရုံး ခုံသမာဓိလူကြီး (Arbitrator Course)သင်တန်းများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ(၂၀၁၆)၊ ICC ARBITRATION RULES 2021၊ MEDIATION RULES 2014၊ FIDIC၊ THE SEA CUSTOMS ACT၊International Sale of Goods၊ Arbitral Award ရေးသားခြင်း၊ Moot Tnbunal လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းများ သင်ကြားပို့ချခဲ့ပြီး



အရည်အချင်းစစ် စာမေးပွဲကိုအောင်မြင်သော သင်တန်းဆင်းပုဂ္ဂိုလ်များကို MIAC ခုံသမာဓိလူကြီး အသိအမှတ်ပြုရင်ထိုးနှင့် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC သင်တန်းခန်းမ(တတိယအလွှာ)၌ မေ ၃ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် MIAC(ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဦးကျူးခေါင်က ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားကာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သျှင်ဝင်းသျှင်**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

(မေလ၊ ၂၀၂၄)

---

❍ **ကျောဖုံးမှ**

နည်းပြ အလွန်ဆိုရဲ့ လေဗာကူဆင်အသင်းဟာ ဒက်ဆယ်ဒေါ့ဖ်အသင်းကို အနိုင်ရရှိကာ ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် ယခုဘောလုံးရာသီမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့အပြင် တစ်ရာသီအတွင်း ဆုဖလားသုံးလုံးရရှိမယ့် လမ်းကြောင်းပေါ်မှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။

လေဗာကူဆင်အသင်းဟာ ဘွန်ဒက်လီဂါပြိုင်ပွဲမှာ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကို ၁၃ မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ပြီး ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယခုလနောက်ပိုင်းမှာ ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေတာဖြစ်ပါတယ်။ လေဗာကူဆင်အသင်းဟာ ဂျာမန်ပိုကယ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ၂၀၂၀ ပြည့်နှစ်က နောက်ဆုံးတက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး အဲဒီဗိုလ်လုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

လေဗာကူဆင်အသင်းဟာ ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို အက်ဖ်စီကေအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မေ ၂၅ ရက်မှာ ဘာလင်မြို့ရှိ အိုလံပီယာ အားကစားကွင်းကြီးမှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ငွေကြယ်

---

❋ MNL မှ

မေ ၅ ရက်တွင်ကစားမည့် GFA အသင်းနှင့် တက္ကသိုလ်အသင်းပွဲကို တက္ကသိုလ်အသင်းမှ ကစားသမားများ၏ ကျောင်းစာမေးပွဲကြောင့် မတ် ၁၂ ရက်ကတည်းက ကြိုတင်ကစားပြီးဖြစ်သဖြင့် ပွဲစဉ်(၅)တွင် ခုနစ်ပွဲသာ ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်(၄)အပြီးတွင် အုပ်စု(က)၌ ရန်ကုန်နှင့် မဟာယူနိုက်တက်တို့က သုံးပွဲကစား ကိုးမှတ်စီ၊ GFA အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက လေးပွဲကစား သုံးမှတ်၊ ရွှေပြည်သာအသင်းက လေးပွဲကစား အမှတ်မရသေး၊ အုပ်စု(ခ)၌ ရှမ်းယူနိုက်တက်က သုံးပွဲကစား ကိုးမှတ်၊ ရခိုင်နှင့် ကချင်ယူနိုက်တက်က သုံးပွဲကစား ခြောက်မှတ်စီ၊ Glory Goal အသင်းက သုံးပွဲကစား သုံးမှတ်၊ Rainbow အသင်းက လေးပွဲကစား အမှတ်မရသေး၊ အုပ်စု(ဂ)၌ ဒဂုံစတားအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဟံသာဝတီနှင့် ဧရာဝတီအသင်းက သုံးပွဲကစား ခြောက်မှတ်စီ၊ Dagon Port အသင်းက သုံးပွဲကစား သုံးမှတ်၊ ငွေကြယ်ပွင့်အသင်းက လေးပွဲကစား အမှတ်မရသေး၊ အုပ်စု(ဃ)၌ အား/ကာသိပ္ပံအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက သုံးပွဲကစား ခြောက်မှတ်၊ သစ္စာအားမာန်နှင့် မြဝတီအသင်းက သုံးပွဲကစား လေးမှတ်စီ၊ ရက္ခပူရယူနိုက်တက်အသင်းက လေးပွဲကစား တစ်မှတ်ရရှိထားသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL

---

# မြို့နယ်အဆင့်စီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

သထုံ မေ ၄

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်နေသည့် မြို့နယ်အဆင့် စီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက သထုံမြို့နယ်အတွင်း ဆောင်ရွက်နေသည့်



မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း(Smart Village)၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများနှင့် ဆိုလာရေတင်လုပ်ငန်းတို့၏ စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်ကျေးရွာများမှ ကော်မတီဝင်များက စီမံကိန်းအလိုက် ရန်ပုံငွေထုတ်ချေးခြင်း၊ အတိုးရငွေများ စနစ်တကျ စာရင်းပြုစုခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများကို အုပ်စုဖွဲ့ဆွေးနွေး၍ အဖွဲ့အလိုက် ပြန်လည်သုံးသပ်တင်ပြကြရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

# ပုသိမ်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ မီးဘေးလုံခြုံရေး စစ်ဆေး

ပုသိမ် မေ ၄

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် နွေရာသီကာလ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ရွှေပြည်သာဈေးတို့တွင် မီးဘေးလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော



ဝန်ထမ်းများနှင့် နယ်မြေမီးသတ်စခန်းမှ တာဝန်ကျမီးသတ်ဝန်ထမ်းများ ပူးပေါင်း၍ မိန်းခုံများ၊ မီးသတ်ဆေးဘူးများနှင့် ရေစက်များ စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

# သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေး

သထုံ မေ ၄

မွန်ပြည်နယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်း၊ နံရံကပ်စာစောင်ခင်းကျင်းပြသခြင်းများကို လိုက်လံဆောင်ရွက်သည်။

မိုဘိုင်း စာကြည့်တိုက်ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သုတ/ရသ



စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းခြင်း၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၄-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၅၈၇။ | ကွယ်လွန်သူဒေါက်တာမောင်မောင် နိုင်ငံတော်သမ္မတ(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်မြင့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၈၅၈၈။ | ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စမ်းသိန်း မိသားစုကောင်းမှု | ၈၀၀၀၀၀ |
| ၈၅၈၉။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဂေါပကအဖွဲ့ကောင်းမှု | ၆၁၀၀၀၀ |
| ၈၅၉၀။ | နှစ်ဖက်သောဘိုးဘွား၊ မိဘတို့အားအမှူးထား၍ ဒေါက်တာကောင်းထူးလွင်နှင့်ဇနီး မနန်းငုဝါဝါလှိုင်၊ (သမီး)မချစ်မြတ်နိုး၊ မချစ်ချစ်တုန်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၅၉၁။ | အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ဗဟိုအဆင့်နည်းပြသင်တန်းမှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၃၆၄၀၀၀ |
| ၈၅၉၂။ | ဦးခွန်တိုးအောင်နှင့်ဇနီး ဒေါ်နန်းပုံမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၅၉၃။ | ဗိုလ်မှူးချုပ်ရဲလွင်နှင့်ဇနီး ဒေါက်တာရီရီမျိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၄။ | ဒုတိယဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး ဒေါ်စန်းစန်းအေး၊ (သား)မောင်မင်းသီဟထွဋ်၊ မောင်မင်းအာကာမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၅။ | ကွယ်လွန်သူဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်အားရည်စူး၍ ဒေါ်ရီရီညွန့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၅၉၆။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး(စက်/လျှပ်)(၁/၂၀၂၄)မှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၁၅၀၀၀၀ |
| ၈၅၉၇။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးစာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား/သင်တန်းသူများကောင်းမှု | ၁၁၀၀၀၀ |
| ၈၅၉၈။ | ဦးသန်းရွှေနှင့်ဇနီး ဒေါ်ခင်ဝင်း၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၈၅၉၉။ | ဗိုလ်မှူးဒေါ်အုန်းညွန့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၀။ | ဦးလှိုင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၆၀၁။ | ဗိုလ်မှူးကြီးကြည်ရွှေ(ငြိမ်း)နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၂။ | ဒေါက်တာဦးသိန်းထွန်းနှင့်ဇနီး ဒေါ်သန်းတိုး၊ (သား)ဦးကျော်တိုးထွန်း၊ ဦးဇော်တိုးထွန်း၊ (သမီး)ဒေါ်ခိုင်မာလာသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်နွဲ့နွဲ့၊ (သမီး)မသန့်သန့်ဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၄။ | ကွယ်လွန်သူဖခင်ကြီး ဦးလှအောင်နှင့် မိခင်ကြီးဒေါ်ရီရီဝင်း တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၅။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးတင်ဝေဦးနှင့်ဇနီး ဒေါ်ခင်စန်း၊ (သား)ဗိုလ်မှူးကြီးသူရငြိမ်းချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဝင်းကြူနှင့်ဇနီး ဒေါ်ခင်မြဝင်း၊ သား၊ သမီး၊ မြေးများမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၇။ | ကွယ်လွန်သူဦးချစ်ခင်အားရည်စူး၍ ဒေါ်မြင့်မြင့်ဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၈။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၀၉။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ခင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၆၁၀။ | ဦးလောက်စွန်းမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၈၆၁၁။ | ဒေါ်အိုက်ရိန်း၊ (သား)ကိုချမ်းသာမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၈၆၁၂။ | ဦးဝင်းမြင့်ဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၈၆၁၃။ | ဦးစောတင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၈၆၁၄။ | ဦးလောက်ဝေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၆၁၅။ | ဦးသိန်းလွင်ဦးမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၆၁၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းဆင့်နှင့်ဇနီး ဒေါ်ညိုလေးမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၆၁၇။ | ဒေါ်အိမ့်မှူးခင်မိသားစုကောင်းမှု | ၅၁၀၀၀ |
| ၈၆၁၈။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ကြည်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၁၉။ | ဒေါ်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၀။ | ဦးမြသောင်းနှင့်ဇနီး ဒေါ်မြင့်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၆၂၁။ | ဆရာတော်အရှင်သုနန္ဒကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၂။ | ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၃။ | ဦးအောင်ဇော်ဌေးနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၄။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၅။ | ဦးအောင်အောင်ထွေးနှင့်ဇနီး ဒေါ်ယွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၆။ | ဒေါ်မြမှီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၇။ | ဦးသန်းတင်မောင်နှင့် ဦးခင်မောင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၈။ | ဦးအေးမောင်ကြီးနှင့်ဇနီး ဒေါ်နန်းမြင့်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၂၉။ | ဦးစိန်ရီ၊ ဒေါ်ငွေစန်းမော်၊ ကိုဖြိုးဇော်ဦးနှင့် မောင်ထက်လင်းမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၀။ | ကိုစိုးပိုင်နှင့်ဇနီး မလှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၁။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၂။ | ဦးစန်းမြင့်နှင့်ဇနီး ဒေါ်မြသက်မူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၃။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၄။ | ကွယ်လွန်သူဖခင်ကြီး ဦးဇော်ဝင်းအားရည်စူး၍ ဒေါ်ခင်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ဦးလွင်၊ (သမီး)မအေးစန္ဒာဦး၊ မဝင်းရွှေစင်လင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၆။ | ဦးကျော်ဇင်ထွန်းနှင့်ဇနီး ဒေါ်နှင်းအိအိလင်း၊ (သား)မောင်ဘုန်းလင်းပြည့်၊ (သမီး)မမေလင်းခေတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၇။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၈။ | ဒေါ်ခင်မျိုးကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၆၃၉။ | ဦးထွန်းစည်သူနှင့်ဇနီး ဒေါ်စန်းသီတာစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မင်းကုန်းကျေးရွာ၊ အဖ ဦးသန်းထွန်း၏သား ထွန်းမင်းဇော်[၅/ကဘလ(နိုင်)၂၁၆၉၇၉] နိုင်ငံကူးလက်မှတ် MH 696520 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်-

**Ph:09-265518470, 09-256762123, 09-767269971**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်ကျော်ဌေး [၈/မမန(နိုင်)၂၇၇၉၆၇] နိုင်ငံကူးလက်မှတ်စာအုပ် MI 566832 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-774771535**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ မအိအိရွှေစိုး(ဘ)ဦးရွှေစောဦး [၁၂/လမန(နိုင်)၁၃၄၀၃၂]၏ အမည်မှာ ဒေါ်အိအိရွှေစိုးနှင့် ဒေါ်အိအိရွှေစော ဖြစ်နေပါသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာတွင် နေထိုင်သော မနှိုင်းတွယ်တာဖူး၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးညွန့် [၁၄/မအပ(နိုင်)၁၇၈၄၅၁]ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးညွန့်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မင်းဇင်သန့်[၁၂/တမန(နိုင်)၁၃၄၉၅၇] III 4 သင်္ဘောသားလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-784995250**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စမ်းချောင်းမြို့နယ်နေ၊ မောင်မြင့်ဦး [၁၂/စခန(နိုင်)ဝ၈၃၆၇၆]၏ ဖခင်အဗ္ဗဒူလ်ရှကူး(ခ) မောင်နီ၊ ဦးအဗရှုကူရ်နှင့် အဗ္ဗဒူရှကူးရ်(ခ) မောင်နီတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

(အဖ)ဦးတိုးမင်း ၏ သမီး မတိုးနေခြည်ထွေး[၁၂/မရက(နိုင်)၁၄၆၅၇၃]၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-083791)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-421107266**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၅၅/A)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ အောင်မြေရတနာလမ်း၊ အမှတ်(၅၅၅/A)ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဦးလေးတင့် [၁၂/သကတ(နိုင်)၀၈၇၇၁၅]**မှ ၎င်းတရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဥမ္မာဦး [၁၂/ကမတ(နိုင်)၁၀၂၇၀၁]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော် လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မင်းသူနန္ဒီဖြိုး[LL.B,D.I.P.L, DL-101WIPO(Switzerland)] [တရားလွှတ်တော်ရှေ့နေ](စဉ်-၁၂၈၄၆)**

**ဒေါ်စုစုမွန်[LL.B,D.B.L,D.I.L,D.I.P.L, DL-101WIPO(Switzerland)] [တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)**

**ဖုန်း – ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**

**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရပ်ကွက်အမှတ်(၄)၊ သုတ(၆) လမ်း၊ မြေကွက်အမှတ်(၁၇၅/က)၊ အကျယ်အဝန်း (၁၀ပေ x ၆၀ပေ)ရှိ **ဦးသိန်းမြင့်(TTE-၁၀၇၄၃၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို အရောင်းအဝယ်(ဆက်စပ်)စာချုပ်များဖြင့် တရားဝင်လက်ရှိနေထိုင် ပိုင်ဆိုင်ထားသူ **ဒေါ်သင်းသင်းမော်[၁၄/ဒဒရ(နိုင်)၀၁၇၁၁၃]**မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရောင်းချလိုပါကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဇာလီထွန်း[၁၂/ဥကတ(နိုင်)၁၄၃၆၈၅]**မှ ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအဖြစ် (စရန်ငွေ)ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက **ယနေ့မှစ၍ (၇)ရက်အတွင်း** ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက ဥပဒေ နှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာလီထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်တင်လှိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၆၄)**

**အမှတ်(၈၂၁/ခ)၊ ပထမထပ်၊ ဇာဂလမ်း၊ မ/၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၆၂၃၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်-(၉၆၀)၊ သစ်ခွလမ်း၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်း (ပါမစ်မြေအမျိုးအစား)တွင် ဦးလှကြိုင်[ISN-528507] အမည်ဖြင့်မှတ်သား တည်ရှိပြီး အဆိုပါ မြေကွက်ကိုအရပ်ရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဦးသန်းထွန်းအောင် [၁၂/ဒဂရ(နိုင်)၀၀၃၆၀၉]မှအရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကိုစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသစ်ဆန်း၊ ဒေါ်ယုထက်ထက်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေသူဇော်**

**အထက်တန်းရှေ့နေ(စဉ်-၄၂၀၃၀)**

**အမှတ်-၂၉၊တတိယထပ်၊၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၄၁၂၆၉၆၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)

## လှည်းကူးမြို့နယ်တရားရုံးတော်

## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဦးဖြိုးလှဝေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နွယ်နီသိန်း) **(တရားလို)** **နှင့်** ဒေါ်မြသီတာအေး **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ငှက်ပျောတောတိုးချဲ့(၅)လမ်း၊ အမှတ်(၆)နေ တရားပြိုင် ဒေါ်မြသီတာအေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဖြိုးလှဝေ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နွယ်နီသိန်း)က "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဧပြီလ(၂၄)ရက်နေ့၊ (၁၃၈၆ခုနှစ်၊ တန်ခူးလဆုတ် ၁ ရက်နေ့) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွံ့ဖက်မြို့နယ်တရားသူကြီး**
**လှည်းကူးမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၅) မြေကွက်အမှတ်(၁၇၀၈)၊ ပုဂံလမ်း၊ အလျား (၆၀) ပေ x အနံ(၄၀) ပေ၊ (၂၄၀၀ စတုရန်းပေ) ပါမစ်မြေ အမျိုးအစားမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ ဖြိုးရေးဦးစီးဌာနတွင် ဦးစောဦး (T/RGN ၀၂၂၈၅၈)အမည်ဖြင့်တည်ရှိသည့် မြေပိုင်မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်ထံမှ ဆက်စပ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မိုး [၁၂/ဒဂတ(ပြု) ၀၀၀၀၁၅]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိခိုင်ဝင်း [၇/မလန(နိုင်) ၀၇၆၀၀၀]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးတက်လူ ( LL. B) အထက်တန်းရှေ့နေ (စဉ်-၄၁၉၉၅)**

**အမှတ် ( ၁၀ )၊ ပုဂံလမ်း၊ (၆၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်။**

**ဖုန်း – ၀၉-၄၂၀၅၀၀၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂၃)၊ မြေကွက်အမှတ်- (၇၃)၊ ပင်းယလမ်း၊ ဧရိယာ-(၂၀' x ၆၀')အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမောင် [၁၃/တကန(နိုင်)၀၇၄၀၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သိင်္ဂီအောင် LL.B, Dip in Business Law**

**တရားလွှတ်တော်ရှေ့နေ (၁၀၄၀၄)**

**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၃၄)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း($၁၂\frac{၁}{၂}$ x ၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထက်ဖူးဝေ [၁၂/ကမတ(နိုင်)၀၈၃၅၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာတင် [၁၂/ကမတ(နိုင်)၀၁၉၄၉၉] က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မိုးခင်အိ(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**

**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာ၊ (၂) ခန်းတွဲ (၄) ထပ်တိုက်၏ ပထမထပ်၊ တိုက်အမှတ်(၃၁)၊ အခန်းအမှတ်(၁၀၁) ဟုခေါ်တွင်သော အကျယ်အဝန်း(၁၁၇၈.၃၇၅) စတုရန်းပေရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (owner book)တွင် ဦးခင်မောင်အေး အမည်ပေါက် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်အေး [၅/ ကလတ(နိုင်)၀၃၁၁၇၃] မှ မိမိတစ်ဦးတည်းက သာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရန်ဖင်ဖိန်း [၁၃/ကခန(နိုင်)၁၄၁၀၀၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိကေဇင်(LL.B, D.B.L, D.I.L, D.I.P.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၇၂၃)**

**အမှတ် (၇၀)၊ ၅-လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉- ၄၂၈၅၉၆၁၅၄**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၂ရပ်ကွက်၊ ဓနုဖြူပန်းခြံ၊ အမှတ်(၂၅/က)နေ ဦးအောင်ဌေး [၁၂/လမန(နိုင်) ၀၄၂၆၀၃]နှင့် ဒေါ်အေးအေးမြင့် [၁၂/လမန(နိုင်)၀၄၂၆၀၂]တို့၏ သားဖြစ်သူ မောင်စန်းသီဟအောင် [၁၂/ရပသ(နိုင်)၀၈၈၅၂၃]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မိသားစုဝင်များနှင့် မသက်ဆိုင်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဌေး [၁၂/လမန(နိုင်)၀၄၂၆၀၃]၏**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ညီညီမြင့် ( LL.B )**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၃၃/၁၈)**

**အမှတ်- ၇၃၉၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၇၁၇၂၅၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးသီရိနွယ်[၇/ညလပ(နိုင်)၂၀၀၆၅၅]၏ နိုင်ငံကူးလက်မှတ်စာအုပ် (နံပါတ်မသိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၃၁၄၉၀၈**

**မိဘမေတ္တာ**

ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

09 422 848 224

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ စီ၊ မြေကွက်အမှတ်- ၂၇ အေ/၁အေ-ခ၊ ဧရိယာ (၀-၁၁၄) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၁၃၇ စီ-၁၊ သံလွင်လမ်းသွယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးမျိုးကြည်စိုး [၁၂/ကမရ(နိုင်)၀၀၁၃၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သီတာအုန်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**

**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## (၂၁-၃-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ ကြေညာစာမျက်နှာ- ၂၇ ပါ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဒေါ်ခင်နီတာလွင်နှင့် ဒေါ်အေးသူဇာမြင့်တို့၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၇)လမ်း၊ အမှတ် (၁၂) နေ ဦးစောလှိုင် [၁၂/တမန(နိုင်)၀၈၀၅၀၈] D.S Construction Co.,Ltd (Y.C.D.C, LC, No-369)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်- ၂၉၃ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်- ၂၈၀/၆၁၆ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၊

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ အမှတ်- ၃၁၅ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်

အဆောက်အဦတို့မှာ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ BCC (လူနေထိုင်ခွင့်) မရရှိသေးသည့် အဆောက်အဦများဖြစ်ပါသည်။ ကန်ထရိုက်တာ ဦးစောလှိုင်ထံမှ ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေက အထက်ဖော်ပြပါ အဆောက်အဦများရှိ တိုက်ခန်း(၅)ခန်းကို ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခြင်းသာဖြစ်ပြီး တန်ဖိုးငွေ အပြေအကျေ ပေးချေရသေးခြင်းမရှိပါ။ ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေက ကန်ထရိုက်တာ ဦးစောလှိုင်ထံမှ အမှတ်-၂၉၃၊ ရွှေနှင်းဆီလမ်း၊ မြေညီထပ်(ဘယ်/ညာ) တိုက်ခန်း(၂)ခန်းအား ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခဲ့ရာတွင် "တိုက်ခန်းအရောင်းအဝယ် စရန်ပေး ကတိခံဝန်စာချုပ်" အပိုဒ်(၅)ပါ စည်းကမ်းချက်များအရ (၁)လွှာလောင်းတိုင်း ငွေကျပ်သိန်း ၄၀,၀၀၀,၀၀၀/-(သိန်းလေးရာတိတိ) ကို (၅)ကြိမ် ပေးသွင်းရန်၊ အမိုးမိုးသည့်နေ့တွင် ငွေကျပ် သိန်း ၆,၀၀၀,၀၀၀/(သိန်းခြောက်ဆယ်တိတိ)ကို ပေးသွင်းရန် သဘောတူညီချက်ပါရှိသော်လည်း ဦးအပ်ဒူမာဂျစ် (ခ)ဦးလှရွှေ အနေဖြင့် စာချုပ်အပိုဒ်(၅)ပါ စည်းကမ်းချက်အတိုင်း (၁)လွှာ လောင်းတိုင်း ပေးချေရမည့် ငွေကျပ်သိန်း ၄၀,၀၀၀,၀၀၀/-(သိန်းလေးရာတိတိ)ကိုလည်းကောင်း၊ အမိုးမိုးသည့်နေ့တွင် ပေးချေရမည့် ငွေကျပ်သိန်း ၆,၀၀၀,၀၀၀/-(သိန်းခြောက်ဆယ်တိတိ)ကို လည်းကောင်း သတ်မှတ်ချိန်တွင် သတ်မှတ်သည့် ငွေပမာဏကို ပေးအပ်ခြင်းမရှိဘဲ အကြိမ်ကြိမ်ပျက်ကွက်ခဲ့မှုအပေါ် ကန်ထရိုက်တာ ဦးစောလှိုင်မှ ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေထံ Viber မှတစ်ဆင့် အကြိမ်ကြိမ်ဆက်သွယ်၍ အကြောင်းကြားစာပေးပို့တောင်းခံခဲ့သော်လည်း ဦးအပ်ဒူမာဂျစ်(ခ) ဦးလှရွှေက အကြောင်းအမျိုးမျိုးပြ၍ ပျက်ကွက်လျက်ရှိကြောင်း ညွှန်ကြား ချက်အရ သိရှိရပါသည်။

ဦးအပ်ဒူမာဂျစ်(ခ) ဦးလှရွှေ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်- ၂၉၃ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၊ မြေညီထပ် အခန်း (၂)ခန်းအတွက် စတုတ္ထထပ်လောင်းပြီးအဆင့်တွင်လည်းကောင်း၊ ပဉ္စမထပ်လောင်းပြီးအဆင့် တွင်လည်းကောင်း၊ အမိုးမိုးပြီးအဆင့်တွင်လည်းကောင်း ပေးသွင်းရမည့် ငွေကျပ်သိန်း ၈၁,၀၀၀, ၀၀၀/(သိန်းရှစ်ရာ့တစ်ဆယ်တိတိ)ကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသဖြင့် တိုက်ခန်းဝယ်ယူသူ ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေ၏ ပျက်ကွက်မှုအတွက် ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေနှင့် ကန်ထရိုက်တာ ဦးစောလှိုင်တို့ချုပ်ဆိုထားသည့် "တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိခံဝန်စာချုပ်" အပိုဒ်(၆)ပါ သဘောတူညီချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအပ်ဒူမာဂျစ်(ခ)ဦးလှရွှေနှင့် အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးစောလှိုင် [၁၂/တမန(နိုင်)၀၈၀၅၀၈] D.S Construction Co.,Ltd**

**(Y.C.D.C, LC, No-369)၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄) ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂)**

**ဒေါ်လဲ့လဲ့ဝင်း(စဉ်-၁၄၁၃၂) ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆) ဦးထက်ခေါင်(စဉ်-၁၇၅၆၉)**

**ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၀၈/၁၁၀၊ ၃-လွှာ၊ ၃၈လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/D)၊ မြေကွက်အမှတ်(၁၁၆၅)၊ သုခမိန်လမ်း၊ (အလျား ၄၀ ပေ x အနံ ၆၀ပေ) အကျယ်ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးမှတ်ကြီး [KYN-၀၆၉၈၈၉]** အမည်ပေါက်ပြီး၊ အဆိုပါမြေကွက်ကြီး၏(ခေါင်းရင်းဘက်အခြမ်း)၊ (အလျား ၂၅ ပေ x အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ရောင်းချသူ **ဦးညီထွေးကျော် [၁၂/ဒဂတ(နိုင်)၀၂၈၆၅၀]**က(၂၆ -၁၀- ၂၀၂၃)ကတိစာချုပ်အရ ပိုင်ဆိုင်ထားကြောင်း၊ ၎င်းတစ်ဦးတည်းကသာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤမြေကွက်အပြီးအပိုင်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုနွေး LL.B., WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၆၅)**
**အမှတ်(၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၅၀၉၂၈၈၂၊ ၀၉-၇၇၃၀၈၄၇၈၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၂

| ဦးငွေစိုး | နှင့် | ဦးကံရ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၃၇၄)နေ တရားပြိုင် ဦးကံရ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၃)ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ(၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၂၂

| | |
|---|---|
| **၁။ ဦးဇော်ဝင်းလွင်(မန်နေးဂျင်းဒါရိုက်တာ) နှင့်** | **၁။ ဦးမျိုးခိုင်** |
| **(ကိုယ်တိုင်နှင့်အမှတ်(၂)လျှောက်ထားသူ၏** | **၂။ ဒေါ်စန္ဒာအေး** |
| **အခွင့်ရကိုယ်စားလှယ်)** | **၃။ ဒေါ်ဆုမြတ်နိုင်** |
| **၂။ ဒေါ်ခင်ခင်ဝင်း (ဒါရိုက်တာ)** | |
| **Global Growth Co.,Ltd** | |
| **၃။ ဒေါ်ခင်အေးလွင်** | |
| **(လျှောက်ထားသူများ)** | **(လျှောက်ထားခံရသူများ)** |

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် -၂၃ /၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်-၉၉၊ (အေ-၁) နေ လျှောက်ထားခံရသူ (၁)ဦးမျိုးခိုင်၊ (၂)ဒေါ်စန္ဒာအေး၊ (၃) ဒေါ်ဆုမြတ်နိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူများမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၉) ရက်( ၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## မစိုးမိုးထွေး (အဖ) ဦးယီကာနတ်(သ်)
## [၁၃/သပန(နိုင်)၁၁၆၆၅၆]နှင့် အများသိစေရန်

ကျွန်ုပ်တို့၏အမှုသည် မောင်ဘီစ္စနူး (အဖ)ဦးတိတ်သာစင်[၁၃/နခတ(နိုင်)၀၀၄၈၀၆]နှင့် မစိုးမိုးထွေး (အဖ)ဦးယီကာနတ်(သ်) [၁၃/သပန(နိုင်)၁၁၆၆၅၆] တို့သည် (၂၀-၄-၂၀၂၂)တွင် ထိမ်းမြားလက်ထပ်ခဲ့ကြပြီး၊ မြောက်ပိုင်းရှမ်းပြည်နယ်ဒေသကြီး၊ လားရှိုးမြို့နယ်၊ ချယ်ရီမြိုင်အိမ်ရာ အကွက်အမှတ်(၁)၊ အမှတ် T08 နေအိမ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် မစိုးမိုးထွေး သည် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ (၂၈-၈-၂၀၂၂)နေ့တွင် ထွက်ခွာသွားခဲ့ပြီး မည်သည့်အဆက်အသွယ်မှ ပြုလုပ်တော့ခြင်းမရှိပါသဖြင့် လိုက်လံရှာဖွေခေါ်ယူသော်လည်း ပြန်လည်လာရောက်ခြင်း မရှိတော့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ မောင်ဘီစ္စနူးနှင့် မစိုးမိုးထွေး တို့သည် မည်သို့မျှ ပတ်သက် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မစိုးမိုးထွေးနှင့် ပတ်သက်သည့်ကိစ္စအဝဝသည် မောင်ဘီစ္စနူးတွင် လုံးဝတာဝန်ရှိတော့မည် မဟုတ်ပါကြောင်း မစိုးမိုးထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ရီရီတင် (စဉ်-၁၉၉၅)** | **ဒေါ်မျိုးကြာဖြူ (စဉ်-၅၆၁၉၁)** |
| **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** | **အထက်တန်းရှေ့နေ** |

**ရုံး - အမှတ်(၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၁၈၃၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ(မ)၂၆၊ မြေကွက်အမှတ်-၁၀၁၉၊ ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးမြသိန်း[၁၂/ကမရ(နိုင်)၀၀၅၄၆၆] အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးမောင်ဝင်း [၁၂/လသန(နိုင်)၀၀၇၆၀၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသသက(၂၀)လမ်း၊ အမှတ်(၅၈၇-ခ)နေ ဦးအောင်ကြည်စိန်[၁၂/ဥကတ(နိုင်)၀၈၁၇၀၈]နှင့် ဒေါ်ခင်ဆွေ [၁၂/ဥကတ(နိုင်)၀၈၁၇၀၇]တို့၏ သားဖြစ်သူ ကိုခင်အောင်မျိုး[၁၂/ဥကတ(နိုင်)၁၃၀၃၂၃]သည် မိဘများ၏ ပြောစကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲမှုဖြစ်အောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကြည်တင် (LL.B)** | **ဦးအောင်ဖိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၆၆)** |

**အမှတ်(၅)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၂၈၄၇၄၈၃ ၀၉-၂၅၀၁၈၄၄၃၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၈)ရပ်ကွက်၊ ရာဇဓိရာဇ်(၄)လမ်း၊ မြေကွက်အမှတ်(၁၀၈၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေ မြေကွက်အနက်မှ(၂၀x၆၀)ပေ(ခေါင်းရင်းခြမ်း) ရှိမြေကွက်နှင့် နေအိမ်ကို ပါမစ်အမည်ပေါက် ဦးမောင်မြ၏သမီးဖြစ်သူ ဒေါ်ခင်အုန်းမြင့်[၁၂/ဗတထ(နိုင်)၀၀၂၆၀၆]ထံမှ ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုမော်[၉/ပဘန(နိုင်)၁၁၆၅၈၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ယုယုမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၆)**
**အမှတ်(၄၁၉)၊ ရန်ကုန်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၈၂၀၅၅၆၅**

## အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၁၁-လမ်း၊ အမှတ်-၁၉နေ(ဘ)ဦးမောင်ထွန်း၏သမီး ဒေါ်ကြည်ကြည်မြင့်[၁၀/မလမ(နိုင်)၀၁၁၀၅၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သူ ဦးစိန်အိ[၁၀/မလမ(နိုင်)၀၁၁၀၅၅]တို့ လွန်ခဲ့သော(၃၈)နှစ်ခန့်က စတင်ပေါင်းသင်းခဲ့ကြပြီး စတင်ပေါင်းသင်းသည့်အချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေတွင် ကိုယ်စိတ်ဆင်းရဲမှုများဖြစ်ပေါ်ခဲ့ရပါသည်။ ကျွန်ုပ်မိတ်ဆွေက အကြိမ်ကြိမ်သည်းခံပေါင်းသင်းခဲ့သော်လည်း ဦးစိန်အိသည် လိုက်နာခြင်းမရှိဘဲ မိမိဆန္ဒသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ကျွန်ုပ်မိတ်ဆွေမှာ ဦးစိန်အိနှင့်ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသောကြောင့် ဤကြော်ငြာစာ သတင်းစာတွင်ပါဝင်သည့်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေနှင့် ဦးစိန်အိတို့သည် အကြင်လင်မယားအဖြစ် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြည်ကြည်မြင့်** | **ဦးဖေမြင့်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၂)** |
| | **အမှတ်-၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့။** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၃၃၁၃၆)ကို အမည်ပေါက် ဦးသိန်းလှိုင်(ဘ) ဦးဟံလှိုင်[၈/နမန(နိုင်)၀၈၄၃၁၁](ကွယ်လွန်)၏ အမွေခံညီမဖြစ်သူ ဒေါ်ခင်ပိုက်(ဘ)ဦးဟံလှိုင်[၈/နမန(နိုင်)၁၆၆၇၈၂]မှ မြေပေးစလစ်(မူရင်း)ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်) ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ် ပျောက်ဆုံးကြောင်းနှင့် အမွေခံညီမ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နောက်ဆုံးထား၍ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာစီမံကိန်း၊ အိုလံပစ်ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ထားသည့် (၄)ထပ်တိုက်၏ အခန်းအမှတ်(အေ-၄)၊ တတိယထပ်(၄-လွှာ)၊ အခန်းအကျယ်(၁၂၅၀) စတုရန်းပေရှိသော တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့် ဦးကျော်ဆန်း[၁၂/ဗဟန(နိုင်)၀၄၅၉၂၂]နှင့် ဒေါ်တင်မြဝင်း[၁၂/ဗဟန(နိုင်)၀၇၉၃၇၇]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယုယုဝင်း[၁၂/သဃက(နိုင်) ၀၀၁၉၅၈]သည် အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဦး၊ အထက်တန်းရှေ့နေ(စဉ်-၄၄၄၉၄)**
**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉-၉၆၁၆၀၆၀၆၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမပေါ် အမှတ်(12)ရှိ 6 ထပ်တိုက်၏ (5)လွှာ A အလျား၁၈ပေ x အနံ၅၀ပေ ရှိနေထိုင်ရန် အသင့်အနေအထားရှိသည့်(5)လွှာမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်း တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် ဦးမျိုးအောင်[၁၂/သဃက(နိုင်)၀၀၀၈၇၂]အမည်ပေါက်လျက်ရှိပြီး လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ထိန်လင်း[၈/နမန(နိုင်)၁၄၄၅၆၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသောစာရွက်စာတမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြေညာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျော်ထိန်လင်း[၈/နမန(နိုင်)၁၄၄၅၆၉]**
**ဖုန်း-၀၉-၄၂၁၉၆၂၁၀၁**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနှင့်လမ်း(၂၀)ကြား၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၆၃/၆၆၅)ရှိ **SAKURA GLOBAL INVESTMENTS CO., LTD(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၇၀၇၉၆၆၁)**သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်**(၄/၃၈၃၅)**ဖြင့် (၁-၁၁-၂၀၂၁)ရက်နေ့တွင် မိမိတို့ ကုမ္ပဏီပိုင်အဖြစ်မှတ်ပုံတင်ထားခဲ့ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ကုန်အမှတ်တံဆိပ်အား ပြန်လည်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်သည့်အပြင် WIPO Application Number ရရှိထားပြီး ယခုအချိန်ထိ အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်-

D & C
DESIGN & COMFORT

**မှတ်ပုံတင်စာချုပ်အမှတ် - ၄/၃၈၃၅/၁-၁၁-၂၀၂၁**
**WIPO Application No-T/2023/008619**

အထက်ဖော်ပြပါ " **D & C DESIGN & COMFORT**” ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမျိုးသမီးစီး ဒေါက်ဖိနပ်များ၊ ရှူးဖိနပ်များ၊ ဖိနပ်ပါးများ၊ အမျိုးသားစီး ရှူးဖိနပ်များ၊ ဖိနပ်ပါးများ၊ ခြေအိတ်၊ ရှူးဖိနပ်သန့်စင်ရည်၊ အိတ်အမျိုးမျိုး၊ နာရီ၊ ခါးပတ်၊ မျက်မှန်၊ ထီးများနှင့် အဝတ်အထည်များ၊ ကြော်ငြာလုပ်ငန်း လုပ်ငန်းများ အစရှိသည်တို့အပေါ်တွင်လည်းကောင်း အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍လည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လုပ်ငန်းများနှင့် ဆက်နွှယ်သည့် စာရွက်စာတမ်းများ၊ Social Media ကြော်ငြာများ၊ ဆိုင်းဘုတ်များတွင်လည်းကောင်း၊ ထိုအမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**SAKURA GLOBAL INVESTMENTS CO., LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးသက်လွင်ဦး(စဉ်-၁၈၃၃၉)** | **ဒေါ်နှင်းအိခိုင်(စဉ်-၁၈၂၄၀)** | **ဦးစောမင်းနိုင်မိုး(စဉ်-၄၉၁၉၆)** |
| **LL.B, LL.M, D.B.L, D.M.L, D.I.L,** | **LL.B, LL.M, PGDL, D.A,** | **LL.B, LL.M, D.I.L** |
| **PGDL, WIPO (Switzerland)** | **D.M.A.C, WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၄၄/၅၆)၊ ကမ်းနားလမ်းနှင့်(၄၁)လမ်းထောင့်၊ အခန်းအမှတ်(၈၀၂)၊**
**M.M.G Tower ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

Zin Yadana Trading Co.,Ltd – ဇင်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ ၂၀၁၈–၂၀၁၉ စည်းကြပ်နှစ်မှ ၂၀၂၂–၂၀၂၃ စည်းကြပ်နှစ်အထိ အခွန်တောင်းခံလွှာ ပတခ(ဝင)–၈ နှင့် ပတခ(ကသခ)–၁၇ များမှာ ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စီစီလေး**
**(အုပ်ချုပ်မှုဒါရိုက်တာ)**
**ဇင်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**
**09-5101300**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ်– ၆၈၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်– ၆၈၊ ဗန္ဓုလလမ်း၊ ၂၀/ရွှေပေါက်ကံမြို့သစ်၊ ဒေါ်ဆွေဆွေမြင့် (BHN– ၀၀၂၀၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဆွေဆွေမြင့် [၁၂/ဗဟန (နိုင်)၀၅၁၅၆၁] (BHN–၀၀၂၀၃၀)မှ ဝင်စာအမှတ်– ၂၄၀၀/၂၁–၂–၂၀၂၄ ရက်စွဲပါစာဖြင့် (၁၁–၁၀–၂၀၀၅)ခုနှစ်၊ ဘဏ်ချေးရန်မြေပုံ မြေရာဇဝင်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း အထားအသိုမှားယွင်း၍ ရှာဖွေမတွေ့ရှိပါကြောင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ မြေနှင့်အိမ်မှာ မိမိလက်ဝယ်သာရှိပါကြောင်း၊ ဘဏ်ချေးမြေပုံမူရင်းပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၃၉၇/၂၁–၂–၂၀၂၄၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

